# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက Naypyitaw State Academy တည်ဆောက်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Naypyitaw State Academy(NSA) တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက Naypyitaw State Academy တည်ဆောက်ပြီးစီးပါက သင်ကြားရေးအတွက် မဟာဌာနများနှင့် အုပ်ချုပ်ရေးဌာနများတွင် ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန် လျာထားမှု၊ သင်ကြားမှုများ ဆောင်ရွက်နိုင်မည့် ပညာရေးဝန်ထမ်းများခန့်အပ်ရာတွင် စနစ်တကျ စိစစ်ရွေးချယ် ခန့်အပ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပေးအပ်သွားမည့် ဘွဲ့အမျိုးအစားများ လျာထားမှု၊ အဆောက်အဦများအလိုက် သင်ကြားရေးဌာနများ ဖွင့်လှစ်ဆောင်ရွက်ရန် လျာထားမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ⭘*

## ယနေ့ ဖတ် စ ရာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်**

ပြည်တွင်းသတင်း | စာ - ၉

**ပဲခူးမြို့ရှောင်လမ်းများနှင့် အတူ တိုးတက်လာမည့် ဒေသစီးပွား**

ဆောင်းပါး | စာ - ၁၀



**ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အင်ဒိုနီးရှားသမ္မတ ယူကရိန်းအရေးနှင့် အစားအစာထောက်ပံ့ရေး ဆွေးနွေး**

နိုင်ငံတကာသတင်း | စာ - ၁၃

# နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်အင်အား မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်

မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံပြီး ခန့်မှန်းတွက်ချက်မှုအရ ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ခန့်မှန်းလူဦးရေ စုစုပေါင်း ၅၅ ဒသမ ၁ သန်းခန့်ရှိပြီး အမျိုးသားဦးရေ ၂၆ ဒသမ ၄ သန်းခန့်နှင့် အမျိုးသမီးဦးရေ ၂၈ ဒသမ ၇ သန်းခန့်ရှိသည်ဟု ခန့်မှန်းထားရာ အမျိုးသမီးဦးရေက နိုင်ငံ့လူဦးရေ၏ ၅၂ ဒသမ ၁၃ ရာခိုင်နှုန်း ရှိနေသည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးစွမ်းအားစုကြီး၏ စွမ်းဆောင်ပါဝင်မှုကို ရယူနိုင်ရန် လိုအပ်သလို အမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို လည်း အလေးအနက်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း စာတတ်မြောက်မှုနှင့် ပညာအရည်အချင်း ဆန်းစစ်ချက်အရ ပြည်ထောင်စုအဆင့်တွင် စာမတတ်သူများ ပါဝင်သည့် အိမ်ထောင်စု ၂၀ ရာခိုင်နှုန်းရှိနေသည်။ အသက် ၁၅ နှစ်အထက် စာမတတ်သည့် အမျိုးသမီးရှိသည့် အိမ်ထောင်စုသည် မြို့ပြတွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၂၁ ဒသမ ၀ ရာခိုင်နှုန်းရှိပြီး ပြည်ထောင်စုအဆင့်တွင် ၁၈ ရာခိုင်နှုန်းရှိနေရာ အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်းသည် အမျိုးသားများအောက် နိမ့်ကျနေသည်ကိုလည်းကောင်း၊ မြို့ပြဒေသများထက် ကျေးလက်ဒေသများတွင် နေထိုင်သူ အမျိုးသမီးများက စာတတ်မြောက်မှု ပိုမိုနိမ့်ကျနေသည်ကိုလည်းကောင်း တွေ့ရှိရသည်ဟု စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ စာတတ်မြောက်မှုနှင့် ပညာအရည်အချင်းတို့က အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဆက်စပ်နေသည်ဖြစ်ရာ အမျိုးသမီးများ ယခုထက်ပို၍ စာတတ်မြောက်ရေးနှင့် ပညာရေးပြီးဆုံးမှုတို့ မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားရေး၊ အခွင့်အရေးများ တန်းတူရည်မျှ ရရှိစေရေးတို့အတွက် ၁၉၉၅ ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများ ညီလာခံက အတည်ပြုချမှတ်ခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကြီး ၁၂ ရပ် ပါဝင်သည့် ပေကျင်းကြေညာစာတမ်းနှင့် ပေကျင်းလုပ်ငန်းစီမံချက်၊ ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ စသည့် နိုင်ငံတကာအဆင့် ကတိကဝတ်များကို "အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) "ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးထုကြီး၏ ပါဝင်ဆောင်ရွက်မှု၊ စွမ်းဆောင်ရည်မြင့်မားသည့် အမျိုးသမီးများ၏ ဦးဆောင်ဦးရွက်ပြုမှုတို့ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ကြရန် လိုအပ်သည်။ အမျိုးသမီးတို့၏ ကဏ္ဍကို အမျိုးသမီးတို့ကိုယ်တိုင်မြှင့်တင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားရေးတို့တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်စွမ်းပကားများ ပြသပါဝင်ခြင်းတို့ဖြင့် မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည် တင့်တယ်နိုင်ပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးကျော်စွာသွင် | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) ဒေါက်တာ စိုးစိုးအေး | ပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ပါမောက္ခ ဒေါက်တာကျော်သီဟ<br>ပါမောက္ခ/ဌာနမှူး<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| ( ခ ) ဦးမြင့်ဆွေ<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဥက္ကဋ္ဌရုံးအဖွဲ့<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံးအဖွဲ့<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ သီရိမင်္ဂလာဥဿျစ်ကုန်းကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ လေသာကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ မှန်နန်းကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ဓမ္မဂုဏ်ရည်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေကျောင်း ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ဓမ္မရိပ်သာကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် ဦးဆောင်ကော်မတီအဖွဲ့ဝင်၊ စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၆ နာရီခွဲတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းရှိ နာနတ်တောစည်ပင်သာယာ ရဲတပ်ဖွဲ့လိုင်းခန်း၌ ရွှေ့လျားဈေးကား စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ ပုစွန် အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာ အလွယ်တကူ ဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ အသိပေးချက်များကို လိုက်နာ၍ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် မှော်ဘီမြို့နယ် ပြည်လမ်းမှ ညောင်နှစ်ပင်အဝင် ဆတ်သွားတောလမ်းဆုံသို့ သွားရောက်၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ လမ်းဆုံတြိဂံကျွန်းမြေညှိပြုပြင်၍ Interlock ခင်းကျင်းပြီးစီးမှု၊ ညောင်နှစ်ပင်လမ်း ကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းနေမှုတို့ကို လည်းကောင်း(**အောက်ပုံ**)၊ ညောင်နှစ်ပင်လမ်းတစ်လျှောက် မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ သစ်ပင်များ ခုတ်ထွင်နေမှု၊ လမ်းဝဲ/ယာ လမ်းပခုံးသားများ ရှင်းလင်းနေမှုနှင့် ရေမြောင်းများအတွင်း အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ အထူးဇုန်(၁) ဟင်းသီးဟင်းရွက် လက်ကားဈေး တည်ဆောက်မည့် မြေနေရာသို့ သွားရောက်၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ လက်ကားဈေး အဆောက်အအုံများနှင့် စိုက်ခင်းပြုလုပ်မည့် မြေနေရာများကို မြေညှိပြုပြင်နေမှု၊ စိုက်ခင်းများ ပြုလုပ်နေမှုနှင့် မြေညှိပြုပြင်ရာမှ ထွက်ရှိလာသော မြက်ပင်ချုံနွယ်များနှင့် ရေမြောင်းဆယ်ယူရာမှ ရရှိသည့် ဇေဒါများကို အီးအမ်ဘိုကာရှီသဘာဝမြေဩဇာ ပြုလုပ်ရန် ဆောင်ရွက်ထားရှိမှု၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ညောင်နှစ်ပင်ရွာ အဝင်လမ်းနှင့် M 4 လမ်းဝဲ/ယာ အုပ်မိုးကိုင်းများ ရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်၊ ဇုန် (၂) အတွင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနနှင့် မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့ ပူးပေါင်း၍ M 5 လမ်းတစ်လျှောက် အုပ်မိုးကိုင်းများ ရှင်းလင်းနေမှု၊ မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ M 5 လမ်းနှင့် C 14 လမ်းဆုံရှိ အထူးဇုန်(၂) စီမံခန့်ခွဲရေးကော်မတီရုံး အဆောက်အအုံနှင့် မျှော်စင်ပြုပြင်နေမှု၊ ရုံးအဝင်မြောင်းကူးတံတားအသစ် တည်ဆောက်ပြီးစီးမှု၊ သန့်စင်ခန်းများ ပြုပြင်နေမှု၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာ သပ်ရပ်ရေး ဆောင်ရွက်ထားရှိမှု၊ အဆောက်အအုံသစ်လွင်စေရေး ဆေးသုတ်ထားရှိမှုတို့ကို လည်းကောင်း၊ C 12 လမ်းနှင့် ခရိုင်ချင်းဆက်လမ်းတစ်လျှောက် အုပ်မိုးကိုင်းများ၊ မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ C 12 လမ်းနှင့် ခရိုင်ချင်းဆက်လမ်းအနီး ကျွဲကောခြံစိုက်ပျိုးထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက်စိုက်ပျိုးရေးခြံများအတွင်း စိုက်ကွက်ပေါင်များ ပေါ်လွင်စေရေး ရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



❍ *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က သင်ကြားရေးနှင့် ပတ်သက်၍ နေပြည်တော်သည် အစိုးရရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေ ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်သားသမီးများ များစွာရှိသော်လည်း အဆင့်မြင့်ပညာသင်ကြားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များသာရှိပြီး အခြားတက္ကသိုလ်မရှိကြောင်း၊ ဝန်ထမ်းမိသားစုများရှိ မျိုးဆက်သစ်သားသမီးများ၏ ပညာရေးအဆင့်မြှင့်တင်ရာတွင် အဆင့်မြင့်ပညာရေးအဆောက်အဦနှင့် သင်ကြားရေးဌာနများ မဖြစ်မနေ လိုအပ်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူအသီးသီးနှင့် တိုင်ပင်ဆွေးနွေး၍ Naypyitaw State Academy စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ **ယခု တက္ကသိုလ်နေရာသည် ယခင်အားကစားတက္ကသိုလ်အဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးဖြင့် အားကစားတက္ကသိုလ်မဖွင့်နိုင်ခဲ့ကြောင်း၊ ယင်းကိုအခြေခံ၍ တက္ကသိုလ်အင်္ဂါရပ်နှင့်ပြည့်စုံအောင် အဆောက်အဦများ ဖြည့်တင်းတည်ဆောက်ခြင်းဖြစ်ကြောင်း၊** စီမံကိန်းအတွင်းလိုအပ်သည့် သင်ကြားရေးအဆောက်အဦများ၊ အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ရာတွင် စနစ်တကျတွက်ချက်ပြီး ရေရှည်ကိုမျှော်တွေး၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုစီမံကိန်းနှင့် ပတ်သက်၍ အခေါ်အဝေါ်သတ်မှတ်ခြင်းနှင့် ဌာနဖွဲ့စည်းမှုများကို သတ်မှတ်ရာ၌ အခြားနိုင်ငံကြီးများတွင် အသုံးပြုသည့် ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများနှင့် လုပ်နည်းစနစ်များကို လေ့လာဆောင်ရွက်၍ စနစ်တကျ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေးအတွက် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ရာတွင် နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများ၏ သားသမီးများနှင့် နေပြည်တော်ရှစ်မြို့နယ်မှ သတ်မှတ်အရည်အချင်းကိုက်ညီသူများကို အဓိကထားရွေးချယ်ရန်လိုပြီး ဘာသာရပ်အလိုက် ထူးချွန်သူများကို ဦးစားပေးရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ ယခုနှစ် ပညာသင်နှစ်မှစ၍ တတိယနှစ်နှင့် စတုတ္ထနှစ် Day ကျောင်းသားများကို လက်ခံသင်ကြားပေးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ပညာသင်နှစ်အလိုက် ဆင့်ကဲဆင့်ကဲစနစ်ဖြင့် ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသားများကို ဆက်လက်ခေါ်ယူသင်ကြား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်ကျောင်းတက်ရောက်သူများအနေဖြင့် မိမိတို့၏နေအိမ်များမှ ကျောင်းတက်ရောက်နိုင်ရေးအတွက် ဖယ်ရီ ကြို/ပို့ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး နောင်တွင် တက္ကသိုလ်ရှိ အဆောင်များတွင်နေထိုင်၍ တက်ရောက်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ **NSA တွင် ရွေးချယ်ထားသော ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များ၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေး၊ အားကစားနှင့် ဆေးပညာရပ်များ သင်ကြားသွားမည်ဖြစ်ကြောင်း၊** အဓိကကျသည့် ဘာသာရပ်များကို စနစ်တကျဖြင့် သင်ကြားပေးပြီး နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လူသားအရင်း အမြစ်များ မွေးထုတ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် အဆင့်မြင့်ပညာ ပါရဂူဘွဲ့များ ပေးအပ်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် နေပြည်တော်တက္ကသိုလ်တို့သည် နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်များ ဖြစ်အောင် ဆောင်ရွက်ရန်လိုပြီး ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များစာရင်းတွင် ပါဝင်နိုင်သည်အထိ လုပ်ဆောင်ပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်ကြရန် လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy စီမံကိန်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

**‘ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် နေပြည်တော်တက္ကသိုလ်တို့သည် နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်များ ဖြစ်အောင် ဆောင်ရွက်ရန်လိုပြီး ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များစာရင်းတွင် ပါဝင်နိုင်သည်အထိ လုပ်ဆောင်ပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်’**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy Main အဆောက်အဦကြီး အတွင်း လှည့်လည်ကြည့်ရှုစဉ်။

## ရေရှည်တည်တံ့ကောင်းမွန်ရန်

ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အဆောက်အဦများ ဆောက်လုပ်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်စေရန်အတွက် စနစ်တကျတွက်ချက်၍ မျှော်တွေးဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ် ဆရာ၊ ဆရာမများအတွက် နေထိုင်ရေး အဆောက်အဦများကို ဦးစားပေးအနေဖြင့် တည်ဆောက်သွားရန်လိုပြီး ကျောင်းဆောင်များ ဆောက်လုပ်ရာတွင် ဂုဏ်ထူးတန်းများအတွက်လည်း ကြိုတင်စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ အဆင့်မြင့်ပညာသင်ကြားရေးတွင် ဓာတ်ခွဲခန်းနှင့် စာကြည့်တိုက်များသည် မဖြစ်မနေ လိုအပ်ပြီး E-library ကိုလည်း တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ဧည့်ပါမောက္ခ၊ ဧည့်ဆရာ၊ ဆရာမများ တည်းခိုနေထိုင်ရေးအတွက်လည်း ကြိုတင်စဉ်းစားထားရန်လိုကြောင်း၊ အဆောက်အဦများ စနစ်တကျ ပြည့်စုံစွာတည်ဆောက်နိုင်ရေးအတွက် တစ်ဆင့်ချင်း စဉ်းစားပြီးလုပ်ဆောင်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

## ဂုဏ်သိက္ခာနှင့် လျော်ညီမှုရှိစေရန်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Academy Main အဆောက်အဦကြီးအတွင်း လှည့်လည်၍ စာသင်ခန်းမဆောင်များ၊ သင်ထောက်ကူပြုပစ္စည်းများ ခင်းကျင်းထားရှိမှု၊ Hall ခန်းမကြီး တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုန်ကျစရိတ်သက်သာပြီး အဆင့်မီစေရန်၊ ဂုဏ်သိက္ခာနှင့် လျော်ညီမှုရှိစေရန် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

## အဆင့်မြင့်ပညာများကို သင်ကြားနိုင်မည်

အဆိုပါ Naypyitaw State Academy စီမံကိန်းကို နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက်ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ယခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီလခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ပညာသင်ကြားမှုများ အဆင်ပြေ ချောမွေ့စေရန်အတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်း တည်ဆောက်လျက်ရှိကြောင်း၊ နေပြည်တော်ရှိ အစိုးရဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများအနေဖြင့်လည်း အဆင့်မြင့်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၇)ဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr. Prak Sokhonn နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၇)ဖွဲ့တို့ သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC)၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Prak Sokhonn က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အဖွဲ့အလိုက် မိတ်ဆက်စကားပြောကြားကြပြီး တစ်ဖွဲ့ချင်းစီ၏ သဘောထားအမြင်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား KNU/KNLA(PC)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးက ကျေးဇူးတင်စကားပြောကြားပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Prak Sokhonn က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁**

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသည်။ ဧည့်သည်တော်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဦးအောင်စိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်ရှိန်တို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**



❍ *ကျောဖုံးမှ*

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဦးလှမောင်ရွှေနှင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Prak Sokhonn တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရလဒ်ကောင်းများရရှိမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ဆံဖျားထမ်းဆောင်နေသည့် ဝါလေဒေသအတွင်းမှ တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုချီးမြှင့်ပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဝါလေဒေသအတွင်း၌ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် ဇွန် ၃၀ ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုက စားသောက်ဖွယ်ရာ ၁၁ မျိုးကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ဂုဏ်ပြုချီးမြှင့်ကြသည်။

တပ်မတော်သားများအတွက် ပေးအပ်ချီးမြှင့်သော စားသောက်ဖွယ်ရာ ၁၁ မျိုးကို မွန်ပြည်နယ် (YMBA) ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးက ပေးအပ်ချီးမြှင့်ရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင် က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ယနေ့ ညနေပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် ကျောက်ဆည်မြို့တို့မှ စေတနာရှင်မိတ်ပြည်သူများက ကရင်ပြည်နယ် မြဝတီမြို့နယ် ဝါလေဒေသအတွင်း၌ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့် ငွေကျပ် သိန်း ၅၅၀ နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သီတဂူ စက္ခုဒါန ဆေးရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သီတဂူ စက္ခုဒါန ဆေးရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံများ၏ အဓိပတိကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇအဂ္ဂမဟာမင်္ဂလာဓမ္မဇောတိက (ရွှေကျင်နိကာယ သံဃရာဇာ) ဒေါက်တာ အရှင်ဉာဏိဿရ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် အလှူရှင်များ တက်ရောက်သည်။

ရှေးဦးစွာ စက္ခုဒါနဆေးရုံ ဖွင့်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ အလှူရှင်ကိုယ်စားလှယ်တစ်ဦးနှင့် မြို့မိ/မြို့ဖ ဦးလှဖေတို့က သီတဂူစက္ခုဒါန ဆေးရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့် မြို့မိ/မြို့ဖ ဦးလှဖေတို့က ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက ဩဝါဒကထာ မြွက်ကြားသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ဝမ်းမြောက် ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများက သီတဂူအဓိဋ္ဌာန်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ သီတဂူစက္ခုဒါန ဆေးရုံ ရေစက်ချမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ သီတဂူဆရာတော်ကြီးထံမှ ဩဝါဒကထာသီလခံယူဆောက်တည်၍ အခမ်းအနားသို့ ကြွရောက်လာသည့် ဆရာတော်/သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေများကို ဆေးရုံမှ တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် ဆရာတော်/သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ နမောတဿ သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း) မြို့နယ်များနှင့် ခန္တီးမြို့နယ်တို့မှ လာရောက်ပြသကြသော မျက်စိဝေဒနာရှင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးခဲ့ကာ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်၊ ခွဲစိတ်၊ ကုသ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုခဲ့ပြီး သီတဂူဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို က ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်သည်။

အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အပါအဝင် ပင့်သံဃာ ၂၇ ပါး ပင့်ဆောင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများကို မြန်မာ့လေကြောင်းလေယာဉ်ဖြင့် နေပြည်တော်သို့ ပင့်ဆောင်မည်ဖြစ်ကြောင်းနှင့် ဆွမ်းကပ်သည့် အချိန်တွင် တစ်ဝိုင်းလျှင် သုံးပါးနှုန်းဖြင့် စားပွဲ ကိုးဝိုင်းဖြင့် ဆွမ်းဆက်ကပ်သွားမည်ဖြစ်ကြောင်း။

အခမ်းအနားအတွက် အထောက်အကူပြုအဖွဲ့၊ ဆွမ်းဆက်ကပ်မည့်အဖွဲ့၊ ဟိုတယ်ဝန်ထမ်း၊ အလုပ်သမားများကို ဆပ်ကော်မတီအလိုက် တာဝန်ပေးကြရမည်ဖြစ်ပြီး လုံခြုံရေးအတွက် အခမ်းအနား အစမှအဆုံးထိ ပုံသေသတ်သတ်မှတ်မှတ် တာဝန်ပေးကြရန်၊ လူပြောင်း လဲမှုမရှိစေရေး ဆပ်ကော်မတီများက ကြပ်မတ်သွားရန် အရေးကြီးပါကြောင်း၊ လုံခြုံရေးဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း။

ဆရာတော်ကြီးများတည်းခိုမည့် သံဃာရာမ အဆောင်ဝင်းအတွင်း ခြင်၊ ယင် မခိုအောင်းနိုင်ရန် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးဖျန်းခြင်းကို ဂေါပကအဖွဲ့နှင့် ကျန်းမာရေးဆပ်ကော်မတီတို့ ညှိနှိုင်းဆောင်ရွက်စေလိုပါကြောင်း၊ ဆရာတော်ကြီးများ၏ ကျန်းမာရေးကို ကြည့်ရှုစောင့်ရှောက်နိုင်ရန် ဆေးခန်း၊ ဆေးဝန်ထမ်းများကို ဖွင့်လှစ်တာဝန်ချပေးရမည်ဖြစ်ကြောင်း။

လုံခြုံရေးကျိုးပေါက်မှုမရှိစေရန် ယခင်အခမ်းအနားများ၏ အားနည်းချက်များကို အတတ်နိုင်ဆုံး ပြင်ဆင်ဆောင်ရွက်ရန်၊ ဆပ်ကော်မတီအားလုံးကလည်း လုံခြုံရေးဆပ်ကော်မတီ၏ လိုလားချက်များကို



လိုက်နာပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုကို ဇူလိုင် ၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိသည့် အသေးစိတ်အခြေအနေများကို ဆွေးနွေးတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို က တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြမြို့ ရတနာသိင်္ဂီ သီလရှင်စာသင်တိုက်သို့ ဆွမ်းဆက်ကပ်၍ ဝတ်စုံများ လှူဒါန်း

**မြောင်းမြ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ရောက်ရှိမည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မြောင်းမြခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ရတနာသိင်္ဂီသီလရှင် စာသင်တိုက်တွင် ဝတ်စုံများလှူဒါန်းခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းအခမ်းအနားကို ယမန်နေ့နံနက်က ကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သီလရှင်ဆရာကြီး/ဆရာလေးများအား သီလရှင်ဝတ်စုံ အစုံ ၄၀ လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သီလရှင်ဆရာလေးများကို ဂုဏ်ပြုဆုများ လှူဒါန်းကြောင်း သိရသည်။

ထို့နောက် သီလရှင်ဆရာကြီး ဆရာလေးများကို နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာစိုးသက်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာ လှလှဝင်းတို့က ကျန်းမာရေးအသိပညာပေးအကြောင်းများကို ဟောပြောကြသည်။

ဆက်လက်၍ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ရတနာသိင်္ဂီဘုန်းတော်ကြီးသင် မူလတန်းကျောင်းတွင် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်တွင် ရုံးအမှတ် (၁) ရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။**

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသည် ရုံးပတ်ဝန်းကျင်နှင့် မိမိတို့ဝန်းကျင် စိမ်းလန်းသာယာလှပစေရန်၊ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၌ ဝန်ထမ်းများနှင့် ပြည်သူများ တက်ကြွစွာ ပါဝင်လာစေရန်၊ ရာသီဥတု သမမျှတ၍ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်စေရန် အဓိကရည်ရွယ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး က အင်ကြင်းပျိုးပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က တောထန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်း၊ တောထန်း၊ ကုံကော်၊ ခရေ၊ ပင်မြင့်သဇင်၊ ငုစပ်ချယ်ရီပင်တို့ အပါအဝင် နှစ်ရှည်အရိပ်ရလေကာပင်နှင့် ပန်းအလှပင် စုစုပေါင်း ၁၀၈ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်းပျိုးပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးစဉ်။

# လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ဝေခြင်းဖြင့် လုပ်ငန်းများတွင် လက်တွေ့အထောက်အကူဖြစ်စေနိုင်

နေပြည်တော် ဇူလိုင် ၁

**အလုပ်သမားဝန်ကြီးဌာန လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနစုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**





အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် စာရင်းအင်းနှင့် သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန၏ ရည်မှန်းချက်များတွင် အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး အချက်များပါဝင်ခြင်းကြောင့် ၁၉၉၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် "လူဦးရေနှင့်ဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်အတွက် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ဖော်ထုတ်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်း" ရလဒ်အရအလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ၁၉၉၇ ခုနှစ်မှ စတင်ပြီး လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ပြုစုထုတ်ဝေခဲ့ရာ ၂၀၂၁ ခုနှစ်အထိ ၂၁ အုပ်မြောက် ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း။

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအလိုက် စာရင်းများ ကောက်ယူပြုစုလျက်ရှိပြီး ကဏ္ဍအားလုံးနှင့် သက်ဆိုင်လွှမ်းခြုံသည့် အညွှန်းကိန်းများကို လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်တွင် တစုတစည်းတည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ဝေခြင်းဖြင့် စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များကို ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်ရမည့် လုပ်ငန်းများတွင် လက်တွေ့အထောက်အကူဖြစ်စေနိုင်ခြင်း၊ ယုံကြည်စိတ်ချရပြီး မှန်ကန်မှုရှိသည့် ကိန်းဂဏန်း အချက်အလက်များ အလွယ်တကူရရှိနိုင်ခြင်း၊ အညွှန်းကိန်းများကို အခြေခံပြီး သတင်းအချက်အလက်များ ဖော်ထုတ်၍ ခိုင်မာသော မူဝါဒချမှတ်နိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုအဆင့်အတန်းကို သိရှိနိုင်ခြင်း၊ လူနေမှုအဆင့်အတန်းကို သိရှိနိုင်ခြင်းတို့ကြောင့် လက်စွဲစာအုပ် ပြုစုထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံ၏ လူ့စွမ်းအားဆိုင်ရာ မှတ်တိုင်တစ်ခုဖြစ်ကြောင်း။

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေးလုပ်ငန်းစီမံကိန်းအရ မိမိတို့ဝန်ကြီးဌာနက ဦးတည်ဆက်သွယ်ရာဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန ၂၁ ခုမှ အညွှန်းကိန်းနှင့် သက်ဆိုင်သည့် ဦးစီးဌာန ၄၅ ဌာနဖြင့် အဖွဲ့အစည်း ၂ ဖွဲ့တို့က လုပ်ငန်းအဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် အညွှန်းကိန်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၊ ဦးစီးဌာနများအားလုံး မိမိတို့ဌာန၏ စာရင်းအင်းများ ဂရုတစိုက်ကောက်ယူပြုစုကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကိုယ်တိုင်တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူတို့နှင့် Online မှ တက်ရောက်ကြသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့မှ တာဝန်ရှိသူတို့က လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်တွင်ပါရှိသည့် အညွှန်းကိန်းများကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးပြုနိုင်မှု၊ အညွှန်းကိန်းများ တွက်ချက်ပြုစုရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် အတွေ့အကြုံများ ဆွေးနွေးသုံးသပ် အကြံပြုချက်များ ရယူကာ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် (၂၀၂၀-၂၀၂၁) ခုနှစ် ထွက်ရှိနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လျာထား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျုံပျော်ခရိုင်ရုံးနှင့် မြန်အောင်ခရိုင်ရုံးတို့အား တက်ရောက်ဖွင့်လှစ်ပေး

**ပုသိမ် ဇူလိုင် ၁**

ခရိုင်အဆင့်တိုးမြှင့်သည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကျုံပျော်ခရိုင်ရုံးနှင့် မြန်အောင်ခရိုင်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့နယ်နှင့် မြန်အောင်မြို့နယ်တို့၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျုံပျော်ခရိုင်ရုံးကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က ရုံးဆိုင်းဘုတ်ကို ဆက်လက်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်အောင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအား ဆက်လက်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်အောင်မြို့ အားကစားခန်းမ၌ ကျင်းပသည့် မိုးရာသီ နေကြာမျိုးစေ့ထုတ် စိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးအနေဖြင့် စားသုံးဆီဖူလုံစေရေး ဆောင်ရွက်လျက်ရှိရာ မိုးရာသီ နေကြာမျိုးစေ့ထုတ် ဧက ၃၀၀၀ ကို ဇွန် ၁ ရက်မှ စတင်စိုက်ပျိုးပြီး ၂၅ ရက်တွင် ထွန်တုံးပိတ် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မိုးနေကြာ ဖြစ်ထွန်း အောင်မြင်စေရေး တောင်သူများ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီမှ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက မိုးရာသီ နေကြာ မျိုးစေ့ထုတ်စိုက်ပျိုး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်အောင်မြို့နယ်ရှိ မိုးရာသီနေကြာ မျိုးစေ့ထုတ် စိုက်ပျိုးသည့်တောင်သူများ အတွက် ဓာတ်မြေဩဇာအိတ် ၁၃၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။



လှမင်းထွဋ်(မြန်/ဆက်)

❖ *ကျောဖုံးမှ*

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၂၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

## မီဒီယာသည် နိုင်ငံအတွက် များစွာအရေးကြီး၊ သွက်လက်ထက်မြက်မှု၊ နုပျိုသစ်လွင်မှုများနှင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆက်လက်ဖော်ဆောင်

နေပြည်တော် ဇူလိုင် ၁

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ (၂၄) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော် သတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။** (ယာပုံ)





အခမ်းအနားတွင်ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ဌာနကြီးတစ်ခု ဖြစ်သည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ၁၉၇၂ ခုနှစ်တွင် သတင်းနှင့်စာနယ်ဇင်း ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းထားရာမှ ၁၉၉၈ ခုနှစ် ဧပြီ ၁ ရက်တွင် သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည့်အတွက် ယခုအခါ ၂၄ နှစ်တာကာလကို ကျော်ဖြတ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၄ နှစ်ပြည့်မြောက်သည့် ကာလတွင် ဘယ်လိုတိုးတက်မှုတွေ၊ အောင်မြင်မှုတွေရှိခဲ့သလဲ၊ ဘယ်လိုအခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ရှိခဲ့သလဲဆိုတာတွေကို ပြန်လည်သုံးသပ်ကြည့်ရမှာ ဖြစ်သလို အနာဂတ်ကို ဘယ်လိုဆက်သွားရမယ်ဆိုတာတွေကို မျှော်တွေးလုပ်ကိုင်ကြရမှာ ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

မီဒီယာသည် နိုင်ငံအတွက် များစွာ အရေးကြီးပါကြောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နိုင်ငံအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ ပြည်သူကို ဝန်ဆောင်မှုများပေးလျက်ရှိရာ သွက်လက်ထက်မြက်မှု၊ နုပျိုသစ်လွင်မှုများနှင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆက်လက်ဖော်ဆောင်သွားစေလိုပါကြောင်း။

နှစ်ပေါင်း ဤမျှကြာမြင့်အောင် ထိန်းသိမ်းဖြစ်တည်လာခဲ့သည့် ဌာနကြီးကို လက်ဆင့်ကမ်းပြီး အရည်အသွေး၊ အရည်အချင်း တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိသည့် ဌာနအကြီးအကဲများ၊ စာတည်းမှူးချုပ်များနှင့် စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ ဝန်ထမ်းများ အပါအဝင် ပြင်ပမှ ဝိုင်းဝန်းကူညီအားဖြည့်ပေးသည့် စာရေးဆရာကြီးများ၊ ပြင်ပသတင်းထောက်များ၊ စာဖတ်ပရိသတ်များ၊ သတင်းစာကိုယ်စားလှယ်ကြီးများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူအားလုံးကို ကျေးဇူးတင်ရှိပါသည် ဂုဏ်ပြုပြောကြားလို ပါကြောင်း။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ နှစ်ပေါင်း ၂၄ နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းအားထုတ်မှု အားလုံးကို ပြည်ထောင်စုဝန်ကြီးအနေဖြင့် အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က Myanmar Digital News နှင့် ရုံးချုပ် (သတင်းဌာန) တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဆုရရှိသော ဌာနများအလိုက် ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အငြိမ်းစား စာတည်းမှူးချုပ် နှစ်ဦးက မုဒိတာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# အုတ်ဖိုမြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အုတ်ဖို ဇူလိုင် ၁**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် တိမ်ညွှန့်ကျေးရွာအုပ်စု တောင်ညိုလေး ဘုန်းတော်ကြီးကျောင်း လျောင်းတော်မူဘုရားအနီးရှိ စိုက်ကွင်းတွင် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဝင်းသန်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများထံ ကျွန်း၊ ပိတောက်၊ တမလန်း၊ ယမနေ၊ မဟော်ဂနီ၊ သက်န်းနှင့် မန်းဂျန်ရှားစသည့် ပျိုးပင်ပေါင်း ပင် ၇၅၀ တို့ကို ပေးအပ်ပြီး မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**



◆*ကျောဖုံးမှ*

Committee of Experts on the Application of Conventions and Recommendations ၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာတို့အပေါ် အခြေခံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာများ အပေါ် လေ့လာတွေ့ရှိချက် အသေးစိတ်ကို အိုင်အယ်လ်အို၏ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။ ယင်းအစီရင်ခံစာများတွင် အလုပ်သမားရေးရာ ကိစ္စရပ်များထက် နိုင်ငံရေးကို အရင်းခံသော အချက်အလက် အမြောက်အမြားပါဝင်ပြီး ခိုင်လုံမှုမရှိကြောင်း တွေ့ရှိရသည်။ ယင်းအစီရင်ခံစာများတွင် ပါဝင်သောအချက်အလက်များသည် အလုပ်သမားအရေးလှုပ်ရှားသူဆိုသူများက ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေထားသော မမှန်ကန်သော အချက်များနှင့် ထင်ယောင်ထင်မှားဖြစ်စေသော သတင်းများအပေါ် များစွာတည်မှီနေကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ်မှတ်ချက်များသည် နိုင်ငံရေးသဘောသက်ဝင်နေသည်ကို အံ့သြဖွယ်ရာမရှိကြောင်း တွေ့ရှိရသည်။

၃။ အိုင်အယ်လ်အိုအနေဖြင့် မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်နှင့် နည်းပညာဆိုင်ရာ အကူအညီများပေးအပ်ရာတွင် အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှုမရှိသည်ကို တွေ့ရှိရပြီး သုံးပွင့်ဆိုင်ယန္တရား၏ အနှစ်သာရကို မျက်ကွယ်ပြုထားသည်။ အိုင်အယ်လ်အိုအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ မေတ္တာရပ်ခံချက်နှင့်အညီ အကူအညီများ ပေးအပ်ရသည့် နိုင်ငံတကာလက်ခံထားသော အခြေခံသဘောတရားများကို မျက်ကွယ်ပြုထားသည်။ မြန်မာအစိုးရအနေဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များကို သုံးပွင့်ဆိုင်သဘောသဘာဝဖြင့် အထောက်အကူပြုလျက်ရှိသည်။

၄။ အဆိုပါဆုံးဖြတ်ချက်များတွင် ၂၀၂၂ ခုနှစ်၊ မတ်လတွင် ဖွဲ့စည်းခဲ့သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ရည်ညွှန်းဖော်ပြထားပြီး လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်နှင့် ဖွဲ့စည်းခွင့်ကွန်ဗင်းရှင်း (ကွန်ဗင်းရှင်းအမှတ်- ၈၇) နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာကွန်ဗင်းရှင်း (ကွန်ဗင်းရှင်းအမှတ်- ၂၉) တို့ကို မြန်မာနိုင်ငံက လိုက်နာအကောင်အထည်ဖော်မှုအပေါ် မေးခွန်းထုတ်ထားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၌ အခြေခံအလုပ်သမားအဖွဲ့အစည်း (၂၈၉၂) ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း (၁၆၂) ဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလုပ်သမားအဖွဲ့ (၂၆) ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် (၉) ဖွဲ့နှင့် အလုပ်သမားအဖွဲ့အစည်းအသင်းချုပ် (၁) ဖွဲ့ရှိပြီး အဆိုပါအဖွဲ့အစည်းများတွင် အဖွဲ့ဝင် (၁၉၀၀၀၀) ဦး ပါဝင်သည်။ အလုပ်သမားအရေးလှုပ်ရှားသူဆိုသူအနည်းစု၏ အကြမ်းဖက်ရန်နှင့် တည်ငြိမ်မှုမရှိစေရန် ပြည်သူလူထုကို လှုံ့ဆော်သည့် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ရပ်များကြောင့် ၎င်းတို့အပေါ် အရေးယူဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအမှတ်- ၈၇ ကို လိုက်နာ ဆောင်ရွက်ခြင်းမရှိဟု ခြုံငုံသုံးသပ်ခဲ့ခြင်းမှာလည်း သင့်လျော်မှန်ကန်မှုမရှိပါ။

၅။ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ တိုင်ကြားမှုယန္တရားကို တည်ထောင်ထားရှိသည်။ အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ်၏ အစီရင်ခံစာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း၌ အိုင်အယ်လ်အိုအနေဖြင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက် (၁၃) ခုကို လက်ခံရရှိခဲ့ပြီး ၎င်းတို့ကို စိစစ်လျက်ရှိကြောင်း ဖော်ပြထားသော်လည်း အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားအနေဖြင့် တိုင်ကြားမှုတစ်စုံတစ်ရာကို လက်ခံရရှိခဲ့ခြင်းမရှိပါ။ အိုင်အယ်လ်အို ဆက်ဆံရေးအရာရှိရုံးအနေဖြင့် တိုင်ကြားချက်များကို အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားသို့ ပေးပို့ရန် တစ်နှစ်ခွဲခန့်ကြာမြင့်နေသည်မှာ နားမလည်နိုင်ဖွယ်ဖြစ်သည်။ ထို့အပြင် အဓမ္မခိုင်းစေမှုဆိုင်ရာ စွပ်စွဲချက်များတွင် ပုဂ္ဂိုလ်များ၏ အမည်များ၊ ဖြစ်စဉ်များ၏ တည်နေရာနှင့်အချိန် အစရှိသည့် စိစစ်၍ရနိုင်သည့် အချက်များ မပါရှိသည်ကို တွေ့ရှိရသည်။

၆။ အထက်ပါအကြောင်းခြင်းရာများကြောင့် (၃၄၅) ကြိမ်မြောက် အိုင်အယ်လ်အိုအုပ်ချုပ်မှုအဖွဲ့နှင့် စံနှုန်းများလိုက်နာဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီတို့မှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ်မှတ်ချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ပယ်ချလိုက်သည်။ မြန်မာနိုင်ငံ၏ မျက်ကွယ်တွင် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခဲ့ခြင်းသည် အိုင်အယ်လ်အို၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ယင်းကဲ့သို့ ဖွဲ့စည်းခဲ့ခြင်းကိုလည်း မြန်မာနိုင်ငံက ထပ်လောင်းကန့်ကွက်လိုက်သည်။

**အလုပ်သမားဝန်ကြီးဌာန**

**၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။**

# မေ ၂၀ ရက်မှစတင်၍ ကမ္ဘာလှည့်ဗီဇာများကို e-Visa စနစ်ဖြင့် ခွင့်ပြုပေးလျက်ရှိရာ နိုင်ငံတကာ လေကြောင်းလိုင်း ၁၁ လိုင်းဖြင့် ခရီးစဉ်ပေါင်း ၁၅ ခုမှ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့ မွန်းလွဲပိုင်းတွင်ဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသော လုပ်ငန်းဗီဇာနှင့် ကမ္ဘာလှည့်ဗီဇာတို့ဖြင့် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးနှင့် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားခရီးသွားလုပ်ငန်းဗဟိုကော်မတီဥက္ကဋ္ဌကလည်း ခရီးသွားဧည့်သည်များ နိုင်ငံအတွင်း အဆင်ပြေချောမွေ့စွာဖြင့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ ဧပြီ ၁၇ ရက်မှစတင်၍ နိုင်ငံတကာလေကြောင်းလိုင်းများကို ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့ပြီး e-Visa စနစ်ဖြင့် လုပ်ငန်းဗီဇာများကို စတင်ခွင့်ပြုပေးခဲ့ပြီးနောက် မေ ၂၀ ရက်မှစတင်၍ ကမ္ဘာလှည့်ဗီဇာများကိုလည်း e-Visa စနစ်ဖြင့် ခွင့်ပြုပေးလျက်ရှိရာ ယခုအခါ နိုင်ငံတကာလေကြောင်းလိုင်း ၁၁ လိုင်းဖြင့် ခရီးစဉ်ပေါင်း ၁၅ ခုမှ ခရီးသွားဧည့်သည်များ တဖြည်းဖြည်း တိုးတက်ဝင်ရောက်လျက်ရှိကြောင်း၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ စင်ကာပူ၊ အမေရိကန်စသည့်နိုင်ငံများမှ ခရီးသည်များအပါအဝင် နိုင်ငံပေါင်း ၄၇ နိုင်ငံမှ ပြည်ပခရီးသည်များ ဝင်ရောက်လျက်ရှိကြောင်း၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တဖြည်းဖြည်း တိုးတက် ဝင်ရောက်လာသည်နှင့်အမျှ နိုင်ငံအတွင်း အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးနှင့် ၎င်းတို့၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်မှုသည် အရေးကြီးကြောင်း။

သို့ဖြစ်ရာ သတင်းအချက်အလက်များကို တိကျမှန်ကန်မြန်ဆန်စွာ ရရှိနိုင်ရေးအတွက် ဌာနဆိုင်ရာများအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်မည့် ခရီးစဉ်များကို ကြိုတင်သိရှိနိုင်ရန်အတွက် သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာရရှိမှုသည် အဓိကကျပါကြောင်း၊ ထို့အပြင် ခရီးသည်များ၏ ဝင်ရောက်လည်ပတ်မှု အစီအစဉ်ကို သိရှိနိုင်ရေးအတွက် e-Visa လျှောက်လွှာပုံစံတွင် Package Tour ၊ Foreign Independent Traveller (FIT) စသည်ဖြင့် ဖြည့်သွင်းပေးရန် လိုအပ်ကြောင်း၊ ထို့အပြင် ခရီးသည်များ ဝင်ရောက်လာသည့်အခါ လေယာဉ်ပေါ်တွင် ကြိုတင်ဖြည့်သွင်းရသော Arrival Card များ၌ ၎င်းတို့ တည်းခိုမည့် ဟိုတယ်နှင့်တည်းခိုရိပ်သာ၊ သွားရောက်မည့် နေရာဒေသများကို ဖြည့်သွင်းပေးစေလိုကြောင်း။

မိမိတို့ဝန်ကြီးဌာနမှလည်း ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် လာရောက်နေထိုင်သော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များစာရင်းကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (GLMS) ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ ပွင့်လင်းကာလခရီးသွားရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးနှင့် လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံခြားသားများ ဝင်ရောက်လာသည့်အခါ သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံရရှိရေးအတွက် GLMS စနစ်ကို နယ်ရုံးခွဲများမှ ဆောင်ရွက်နေမှုအခြေအနေများနှင့် ခရီးသွားများ ဝင်ရောက်သည့်အခါ လုံခြုံစိတ်ချစွာသွားလာနိုင်ရေး စီမံဆောင်ရွက်ရန်အတွက် ကုမ္ပဏီများမှ ကြိုတင်တင်ပြရန်ကိစ္စနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက GLMS စနစ်နှင့် ပတ်သက်၍ သက်ဆိုင်သည့် ကဏ္ဍများအလိုက် ဧည့်သည်များ၏ အချက်အလက်များ ဖြည့်သွင်းထားရှိမှု၊ နိုင်ငံများမှ Visa အမျိုးအစားအလိုက် ခရီးသည်ရောက်ရှိမှုများ၊ GLMS စနစ်အား တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့်သာမက ခရိုင်အဆင့်ထိပါ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး၊ အချက်အလက်မှန်ကန်ရေးတို့နှင့် ပတ်သက်၍ အသီးသီးဆွေးနွေးအကြံပြု တင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများက ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် GLMS စနစ်အား အသုံးပြုနေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်





**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း က နိုင်ငံတော်နှင့် တပ်မတော်အဆင့် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများ၊ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည့် မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒ၊ ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သော အိမ်နီးချင်းဆက်ဆံရေး၊ အာဆီယံက သတ်မှတ်ထားသော မူဘောင်၊ လုပ်ထုံးလုပ်နည်းများအတိုင်း ပူးပေါင်းကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးသဘောတူ အတည်ပြုထုတ်ပြန်ခဲ့သည့် အချက်အလက်များ၊ (၃၄) ကြိမ်မြောက် မြန်မာ - ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကို ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တွင် တောင်ကြီးမြို့၌ ကျင်းပခဲ့သည့် အခြေအနေများနှင့် အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Lt. Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် နေပြည်တော်သို့ လာရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုတွေ့ဆုံဆွေးနွေးမှုများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Park Sokhonn ဦးစီးအဖွဲ့၏ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အလုပ်သဘောခရီးစဉ်အခြေအနေများ၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး အကြောင်းအရာများ။



ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် ဒေသခံပြည်သူလူထုအတွက် ငြိမ်းချမ်းရေးကို အစစ်အမှန်လိုလားသော တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့အနက် မေ ၂၀ ရက်မှဇွန် ၂၀ ရက်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ရာ SSPP အဖွဲ့၊ LDU အဖွဲ့တို့နှင့်လည်း ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည့်အခြေအနေများ။

၂၀၂၂-၂၀၂၃ အခြေခံပညာသင်နှစ် ကျောင်းတက်ရောက်မှုနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်မှုအခြေအနေများ၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသားကျောင်းသူများအတွက် ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပေးမည့် အစီအစဉ်များ၊ တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားမှုအခြေအနေများနှင့် အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသများ၊ ပြည်တွင်းရှိ မလုံခြုံသောနေရာများတွင် ရောက်ရှိနေပြီး ရိုးသားစွာ ကျောင်းပြန်တက်လိုသည့် ကျောင်းသား ကျောင်းသူများကိုလည်း ပညာရေးကို ဆက်လက်လုပ်ဆောင်နိုင်ရေး နိုင်ငံတော်အစိုးရက ပြန်လည်ဖိတ်ခေါ်လျက်ရှိသည်များ။

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စစ်ဆေးမှု၊ ပိုးတွေ့ရှိမှုနှင့် ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများ၊ ကမ္ဘာ့ဈေးကွက်အခြေအနေအရ စားဆီနှင့် ပတ်သက်၍ ဈေးနှုန်းမြင့်တက်ခြင်းများရှိသော်လည်း လုံးဝပြတ်လပ်ခြင်းမရှိအောင် အစိုးရအနေဖြင့် စီမံနေမှုများနှင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်း၊ ပြည်ပ ချေးငွေကိစ္စရပ်များ။

NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်မှုလုပ်ရပ်များနှင့် ဆက်စပ်မှုများ၊ ရှမ်းနီလူမျိုး၊ KIA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခဆိုင်ရာကိစ္စရပ်များ၊ ဥက္ကရစ်ထစစ်ဆင်ရေး ခြေကုတ်စခန်းဖြစ်စဉ်နှင့် ပတ်သက်သည်များကို video ဖိုင်များ၊ PowerPoint Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများကို အရေးယူဆောင်ရွက်မှုအခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို PowerPoint Presentation ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များနှင့် ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာပေါင်းမြို့နယ်၌ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီပင်များ စိုက်ပျိုး



**သာပေါင်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းလွန် (ကညင်ချောင်း) ကျောင်းဝင်းအတွင်း၌ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီပင်များ စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို အမှတ်(၁)ရပ်ကွက် ကညင်ချောင်း အခြေခံမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီပင် ၂၃၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဇော်သိန်း**

**(ပြန်/ဆက်)**

# ပဲခူးမြို့ရှောင်လမ်းများနှင့်အတူ တိုးတက်လာမည့် ဒေသစီးပွား

## ဗညားဦး

နိုင်ငံအတွင်း အထက်အောက် စုန်ဆန် ကုန်စည်ကူးသန်းရေးအတွက် မြို့တွင်းသို့ ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြတ်သန်းစီးဝင်ရင်း ပဲခူးမြို့သည် လှုပ်ရှားသက်ဝင်နေသည်။ ထိုသို့ ပဲခူးမြို့တွင်းသို့ နေ့စဉ် ခန့်မှန်းယာဉ်အစီးရေ တစ်သောင်းကျော် ဖြတ်သန်းနေပြီး အများအားဖြင့် ကုန်စည်သယ်ယူပို့ဆောင်သည့် ကားကြီးများဖြစ်သည့်အတွက် ယာဉ်ကြောကျပ်တည်းမှုနှင့်အတူ ယာဉ်အန္တရာယ် လမ်းအန္တရာယ် မကြာခဏဖြစ်ပေါ်လေ့ရှိသည်။

"ကျွန်တော်တို့ဒေသမှာက လမ်းတွေက ကောင်းသွားပြီ။ ဒါပေမယ့် ယာဉ်သွားလာမှုက များတယ်။ ကားကြီးတွေများတယ်။ ခရမ်း၊ သုံးခွဘက်ကလာတဲ့ ကုန်ကားတွေ၊ သီလဝါဘက်က လာတဲ့ ကုန်ကားကြီးတွေဟာ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းကနေ ပဲခူးမြို့ထဲ ဖြတ်သွားရတော့ ယာဉ်အန္တရာယ်တော့ ဂရုစိုက်ရတယ်။ မြို့ရှောင်လမ်းတွေတော့ ဆောင်ရွက်နေပါပြီ။ ဒီလမ်းတွေသေချာပြီးစီးသွားရင်တော့ ပိုပြီးအဆင်ပြေလာမှာပါ"ဟု ပဲခူးမြို့မှ ဦးကျော်ကျော်က ပြောသည်။

### မြို့ရှောင်လမ်းများ အကောင်အထည်ဖော်

ထိုသို့သောအခြေအနေများကို ကျော်လွှားသွားနိုင်ရန်အတွက် ကုန်စည်သယ်ယူပို့ဆောင်သည့် ကားကြီးများ မြို့ရှောင်လမ်းများမှတစ်ဆင့် ပိုမိုအဆင်ပြေလွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးကို ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် စီမံကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

"ပဲခူးမြို့အနောက် မြို့ရှောင်လမ်းက ရှိပြီးသား။ ဒီလမ်းနဲ့ ချိတ်ဆက်ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနဲ့ ချိတ်ဆက်သွားနိုင်အောင် ဆောင်ရွက်နေတယ်။ ပြီးတော့ ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်းကို ဆောင်ရွက်တဲ့အခါ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းကလာတဲ့ ယာဉ်တွေဟာ မြို့တွင်းကို မဖြတ်ဘဲသွားနိုင်မယ်။ ဒါတင်မကဘဲ ဒီလမ်းကနေ သီလဝါအထူးစီးပွားရေးဇုန်ကိုလည်း ယာဉ်ကြောကျပ်တည်းမှုမရှိဘဲ အဆင်ပြေပြေသွားနိုင်မယ်"ဟု ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတိုးတိုးက ပြောကြားသည်။

"ရန်ကုန်မြို့အဝင်လမ်း အမှတ်(၆)လမ်းဖြစ်တဲ့ ဒီလမ်းပိုင်းရဲ့ ပဲခူးတိုင်းဒေသကြီးအပိုင်းမှာရှိတဲ့ သက္ကလတံတား အရှည်ပေ ၁၂၀၊ မုဒုတံတား အရှည်ပေ ၁၅၀၊ ခမဲပြင်တံတား အရှည် ၆၉ ပေ၊ အလယ်ရွာတံတားအရှည် ၆၉ ပေ၊ ရစ်ဝတံတားအရှည် ၉၆ ပေ စုစုပေါင်း သစ်သားတံတားငါးစင်းကို ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်မှာ ဆောင်ရွက်ခဲ့တယ်။ သက္ကလတံတားနဲ့ မုဒုတံတားနှစ်စင်းကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ အလယ်ရွာတံတား၊ ခမဲပြင်တံတား၊ နှစ်စင်းကိုလည်း နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ ရစ်ဝသစ်သားတံတားကို လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးအောင် စီမံချက်ချ ရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

### ဘဏ္ဍာနှစ်အလိုက် ကြိုးပမ်းဆောင်ရွက်

တိုင်းဒေသကြီးလမ်းဦးစီးဌာနသည် ဒေသတွင်းလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်းစသည့် လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကို ပဲခူးမြို့ရှောင်လမ်းပိုင်းများသည် များစွာ အထောက်အကူပြုနိုင်သည့်အတွက် ဘဏ္ဍာနှစ်အလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"မြို့ရှောင်လမ်းပိုင်းတွေကို ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်တယ်။ အခိုကတော့ ဘုရားကြီး




ပဲခူးမြို့ဝန်းကျင် လမ်းကွန်ရက်ပြပုံ။

"ပဲခူးအနောက်မြို့ရှောင်လမ်း ငါးမိုင် ခုနစ်ဖာလုံမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်း ၃၂ မိုင် ခြောက်ဖာလုံနှင့် ၃၂ မိုင် ခုနစ်ဖာလုံအကြားသို့ ဆက်သွယ်သည့် လမ်းပိုင်း အရှည် ရှစ်မိုင် တစ်ဖာလုံ ကို ၂၀၂၀-၂၀၂၁ ခုနှစ် (ခြောက်လဘဏ္ဍာနှစ်) တွင် မြေယာလျော်ကြေးငွေများပေး၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သည်။ ယခုဘဏ္ဍာနှစ်၌ လမ်းပိုင်းအရှည် ရှစ်မိုင် တစ်ဖာလုံကို မြေသားတာပေါင်တည်ဆောက်ခြင်း၊ ကျောက်ဖြင့် ထု-အခြေခံလွှာခင်းခြင်း လုပ်ငန်းများပြီးစီးအောင် လမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် အသုံးပြုနိုင်အောင် ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်သည်"

လမ်းဆုံကနေ နေရာအားလုံးနဲ့ ချိတ်ဆက်ထားပါတယ်။ လမ်းဆုံအရှေ့ဘက် ရန်ကုန်-မော်လမြိုင်-မြိတ်လမ်းကနေ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းကို သွားလို့ရတယ်။ လမ်းဆုံအနောက်ဘက်ဆိုရင် ရန်ကုန်-မန္တလေး (အမြန်လမ်း)၊ မြောက်ဘက်ဆိုရင် နေပြည်တော်၊ မန္တလေးအထိသွားလို့ရတယ်။ ဒီဘုရားကြီးလမ်းဆုံကနေ ကလိလမ်းဆုံရောက်တဲ့အခါ အရှေ့မြို့ရှောင်လမ်းမှတစ်ဆင့် ပဲခူးမြို့ထဲကိုမဝင်ဘဲ သနပ်ပင်လမ်းပေါ်ကနေ သီလဝါဆိပ်ကမ်းအထိ သွားနိုင်အောင်၊ တစ်ဖက် သီလဝါဆိပ်ကမ်းကနေလာတဲ့ ကားတွေဟာလည်း ပဲခူးမြို့တွင်းကိုမဝင်ဘဲ အရှေ့မြို့ရှောင်လမ်းကိုပတ်ပြီးတော့ ဘုရားကြီးလမ်းဆုံကနေ သွားနိုင်အောင်ပါ။ သနပ်ပင်လမ်းကနေအနောက်မြို့ရှောင်လမ်းနဲ့ ချိတ်ဆက်ပြီး အမြန်လမ်းလည်း သုံးနိုင်အောင်ပါ။ စက်ဝိုင်းပုံစံလို လမ်းတွေ ချိတ်ဆက်ပြီးတော့ မြို့ရှောင်လမ်းကနေ ပိုပြီးလွယ်ကူ အဆင်ပြေစွာနဲ့ ပတ်သွားလို့ရအောင်ပါ"ဟု ညွှန်ကြားရေးမှူး(မြို့ပြ)က ရှင်းပြသည်။

တည်ရှိပြီးဖြစ်သည့် ပဲခူးအနောက်မြို့ရှောင်လမ်း မိုင်တိုင်အမှတ် ငါးမိုင် ခုနစ်ဖာလုံမှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၃၂ မိုင် ခြောက်ဖာလုံအနီး လသာကုန်း Under Pass မှတစ်ဆင့် ချိတ်ဆက်သွားမည့်လမ်းပိုင်းကို တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

### အမြန်လမ်းသို့ တိုက်ရိုက်ချိတ်ဆက်

"ရန်ကုန်-မန္တလေးလမ်း (အမြန်လမ်းမကြီး) ပေါ်က မြို့တိုင်းဟာ ဒီလမ်းမကြီးနဲ့ ချိတ်ဆက်ထားကြတယ်။ ကျွန်တော်တို့မြို့ဟာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနဲ့ တိုက်ရိုက်ချိတ်ဆက်တဲ့လမ်း မရှိသေးဘူး။ အမြန်လမ်းကနေ ဘုရားကြီးလမ်းဆုံ၊ ရန်ကုန်-မန္တလေးလမ်းဟောင်းကနေမှ ပဲခူးမြို့ကို လာရတာဖြစ်တယ်။ ဒါကြောင့် ပဲခူးမြို့တွင်းကနေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို တိုက်ရိုက်သွားနိုင်အောင် အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်နေတယ်"ဟု ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသူရစိုးက ပြောကြားသည်။

တိုင်းဒေသကြီးလမ်းဦးစီးဌာနအနေဖြင့် ပဲခူးမြို့တွင်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်သို့ တိုက်ရိုက်ဆက်သွယ်နိုင်သောလမ်းကို အကောင်အထည်ဖော်ရာတွင် ယင်းအပိုင်းတွင် ပဲခူးမြစ်ကူးတံတားတစ်စင်းနှင့် မီးရထားခုံးကျော်တံတားတစ်စင်း ထည့်သွင်းတည်ဆောက်မည့် မြို့တွင်းကျောက်တွင်းကုန်းလမ်းဆုံမှ ပဲခူးအနောက်မြို့ရှောင်လမ်း မိုင်တိုင် ၅/၇ အထိ နှစ်မိုင် ခုနစ်ဖာလုံအပိုင်းနှင့် လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အနောက်မြို့ရှောင်လမ်း မိုင်တိုင် ၅/၇ မှ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်သို့ ချိတ်ဆက်မည့် လမ်းပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်သည်။

### ပဲခူးမြစ်ကူးတံတား တည်ဆောက်ခြင်း

"ဒီအပိုင်းနှစ်ပိုင်းမှာ ကျွန်တော်တို့အနေနဲ့ အနောက်မြို့ရှောင်လမ်းပေါ်ကနေ အမြန်လမ်းပေါ် ချိတ်ဆက်သွားနိုင်မယ့်အပိုင်းကို လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြို့တွင်းကျောက်တွင်းကုန်းလမ်းဆုံကနေ ပဲခူးအနောက်မြို့ရှောင်လမ်း ဆက်သွယ်တဲ့အပိုင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ မြေယာလျော်ကြေးပေးချေခြင်းနဲ့ ပဲခူးမြစ်ကူးတံတား တည်ဆောက်ခြင်းအတွက် ရန်ပုံငွေ ထည့်သွင်းလျာထားဆောင်ရွက်သွားမှာဖြစ်တယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ဆိုသည်။

လမ်းဦးစီးဌာနအနေဖြင့် ယင်းအပိုင်းနှစ်ပိုင်းကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့်အခါ ရန်ကုန်-မန္တလေး(အမြန်လမ်း)ပေါ်မှ ပဲခူးမြို့တွင်းသို့ အချိန်တိုအတွင်း သွားလာရောက်ရှိနိုင်သလို ပဲခူး-သနပ်ပင်လမ်းမှတစ်ဆင့် သီလဝါအထူးစီးပွားရေးဇုန် လမ်းကြောင်းနှင့်အတူ လွယ်ကူစွာ ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်သည်။

ပဲခူးအနောက်မြို့ရှောင်လမ်း ငါးမိုင် ခုနစ်ဖာလုံမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်း ၃၂ မိုင် ခြောက်ဖာလုံနှင့် ၃၂ မိုင် ခုနစ်ဖာလုံအကြားသို့ ဆက်သွယ်သည့် လမ်းပိုင်းအရှည် ရှစ်မိုင် တစ်ဖာလုံကို ၂၀၂၀-၂၀၂၁ ခုနှစ် (ခြောက်လဘဏ္ဍာနှစ်) တွင် မြေယာလျော်ကြေးငွေများပေး၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သည်။ ယခုဘဏ္ဍာနှစ်၌ လမ်းပိုင်းအရှည် ရှစ်မိုင် တစ်ဖာလုံကို မြေသားတာပေါင်တည်ဆောက်ခြင်း၊ ကျောက်ဖြင့် ထု-အခြေခံလွှာခင်းခြင်းလုပ်ငန်းများပြီးစီးအောင် လမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် အသုံးပြုနိုင်အောင် ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်သည်။

ပဲခူးအနောက်မြို့ရှောင်လမ်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့်လမ်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် လမ်းပိုင်းပေါ်ရှိ မရမ်းကြောကျေးရွာ၊ ကသဲအင်းကျေးရွာ၊ စစ်ပင်ထိပ်ကျေးရွာ၊ လေးအိမ်စုကျေးရွာ၊ မဲစုန်ကျေးရွာနှင့် လသာကုန်းကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်သည်။

ထို့အတူ လမ်းဦးစီးဌာနသည် လမ်းမိုင် အရှည် ၁၀ မိုင် ခြောက်ဖာလုံရှိသည့် ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ စာမျက်နှာ ၁၁ သို့

# ထန်တလန်မြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးညှိနှိုင်းဆွေးနွေး

**ဟားခါး ဇူလိုင် ၁**

ထန်တလန်မြို့နယ် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၃၀ ရက်က ဟားခါးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။ (ယာပုံ)



ပြည်နယ်ဝန်ကြီးချုပ်က အစည်းအဝေး တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ထန်တလန်မြို့နယ်ကို ယခင်ပုံမှန်အတိုင်း ပြန်လည်ဖြစ်လာစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးကြစေလိုကြောင်း၊ အလားတူ အစည်းအဝေးတက်ရောက်လာကြသည့် ထန်တလန်မြို့မိမြို့ဖများနှင့် ဆရာတော်များအနေဖြင့်လည်း ထန်တလန်မြို့နယ်အခြေအနေနှင့် ပြန်လည်ထူထောင်ရေးအတွက် တင်ပြလိုသည့် အချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြစေလိုကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည့်အချက်မှာ ယာယီတိုက်ပွဲရှောင် ပြည်သူများကို ဟားခါးမြို့သို့ ပြောင်းရွှေ့လာရေး ဆရာတော်များနှင့် မြို့မိမြို့ဖများ ဆွေးနွေးပေးစေလိုကြောင်း၊ ယာယီတိုက်ပွဲရှောင်ပြည်သူများ ဟားခါးမြို့သို့ ပြောင်းရွှေ့ရန်အခက်အခဲရှိပါက ကားများ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ထန်တလန်မြို့နယ် ပြန်လည်ထူထောင်နိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ ယုံကြည်မှုဖြစ်၍ ယုံကြည်မှုတည်ဆောက်ကြရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်က ယနေ့ကျင်းပသည့်အစည်းအဝေးသည် ထန်တလန် ယာယီတိုက်ပွဲရှောင်ပြည်သူများ နေရပ်သို့ပြန်လာစေရေးနှင့် ထန်တလန်မြို့ အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးသည့်မြို့ ပြန်ဖြစ်လာစေရေးအတွက် ဆရာတော်များ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် ကြိုတင်ဆောင်ရွက်ရမည့်အချက်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ထန်တလန်မြို့နယ်မှ သိက္ခာတော်ရဆရာတော် ဒေါက်တာလာလ်အုပ်၊ မြို့မိမြို့ဖ ဦးငွန်ဟာရမ်၊ ဦးရမ်ခါရ်နှင့် ဦးလောမ်းဘိခ့်တို့က ယာယီတိုက်ပွဲရှောင်ပြည်သူများ မိမိတို့ဒေသသို့ ပြန်လည်အခြေချနိုင်ရေးနှင့် ထန်တလန်မြို့ ပြန်လည်ထူထောင်ရေးအတွက် ပြည်နယ်နှင့် ပြည်ထောင်စုမှ ဆောင်ရွက်ပေးစေလိုသည့်အချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ထန်တလန်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ခရိုင်**

**(ပြန်/ဆက်)**



ပဲခူးအရှေ့ မြို့ရှောင်လမ်း (သနပ်ပင်-ကလိအပိုင်း)



ပဲခူးအရှေ့ မြို့ရှောင်လမ်း (မဂ္ဂတစ်လမ်း နှင့် သမိန်ဗရမ်းလမ်း - ဆံတော်တွင်းလမ်းသို့ ဆက်သွယ်သည့် လမ်းအပိုင်း)

*စာမျက်နှာ ၁၀ မှ*

**ပဲခူးမြို့အရှေ့ မြို့ရှောင်လမ်း**

“ပဲခူးမြို့အရှေ့ မြို့ရှောင်လမ်းကို အဓိကကတော့ မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုမရှိအောင်နဲ့ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်အောင် ရည်ရွယ်ဆောင်ရွက်တာပါ။ နောက်တစ်ခုက ဒီလမ်းကနေ သီလဝါအထူးစီးပွားရေးဇုန်ကို လွယ်လွယ်ကူကူနဲ့ အချိန်တိုအတွင်းသွားနိုင်အောင်ပါ”ဟုလက်ထောက်ညွှန်ကြားရေးမှူးက ရှင်းပြသည်။

လမ်းဦးစီးဌာနသည် ပဲခူးအရှေ့ မြို့ရှောင်လမ်း ဆောင်ရွက်ရာတွင် သမိန်းဗရမ်း-ဆံတော်တွင်းအပိုင်း နှစ်မိုင် လေးဖာလုံ၊ ဆံတော်တွင်း -သနပ်ပင်အပိုင်း နှစ်မိုင် နှစ်ဖာလုံ၊ သနပ်ပင်-ကလိအပိုင်း ခြောက်မိုင်ဟူ၍ အပိုင်းသုံးပိုင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး သမိန်းဗရမ်း-ဆံတော်တွင်းအပိုင်းသည် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

“ဆံတော်တွင်း-သနပ်ပင်အပိုင်းကို ယခုဘဏ္ဍာနှစ်မှာ ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နေပါတယ်။ သနပ်ပင်-ကလိအပိုင်းကိုတော့ လျာထားဘဏ္ဍာငွေအရ ၇၀ ရာခိုင်နှုန်း ပြီးစီးမှာဖြစ်ပြီးတော့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနိုင်ရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ”ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ပဲခူးအရှေ့မြို့ရှောင်လမ်း ရာနှုန်းပြည့်ပြီးစီးသွားပါက ပဲခူးမြို့တွင်း ယာဉ်ကြောကျပ်တည်းခြင်းနှင့် ယာဉ်အန္တရာယ် လမ်းအန္တရာယ်များကို ဖြေလျှော့နိုင်သည့်အပြင် ရန်ကုန်(သီလဝါ) ဆိပ်ကမ်းမှ ကုန်တင်ယာဉ်ကားကြီးများသည် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းမှတစ်ဆင့် ပဲခူးမြို့တွင်းကိုရှောင်ကွင်း၍ ရန်ကုန်-မန္တလေး လမ်းဟောင်းသို့ လွယ်ကူချောမွေ့စွာ သွားရောက်နိုင်တော့မည် ဖြစ်သည်။

**လူမှုစီးပွားတိုးတက်မှုကို အထောက်အကူပြုစေရန်**

တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ဒေသအတွင်းရှိ လမ်းပိုင်းအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

သို့အတွက် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး လူမှုစီးပွားဘဝကို အထောက်အကူဖြစ်စေမည့် ပဲခူးမြို့ရှောင်လမ်းပိုင်းများ အကောင်အထည်ဖော်ခြင်းနှင့်အတူ တိုင်းဒေသကြီးအတွင်း ကတ္တရာကွန်ကရစ် (AC)လမ်းခင်းခြင်း (နှစ်မိုင် နှစ်ဖာလုံ)၊ ကွန်ကရစ်လမ်းခင်းခြင်း (၁၅ မိုင် ၀ ဒသမ နှစ်ဖာလုံ)၊ ကတ္တရာလမ်းသစ်ခင်းခြင်း (ခြောက်ဖာလုံ)၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၁၅ မိုင် ၂ ဒသမ ၅ ဖာလုံ)၊ ကျောက်လမ်းခင်းခြင်း (၉ မိုင် ၁ ဖာလုံ)၊ မြေသားတာပေါင်တည်ဆောက်ခြင်း (၁၁ မိုင် ၇ ဖာလုံ)၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း နှစ်စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း ၂၇ စင်း၊ ကီလိုမီတာတိုင်/ အသိပေး/ သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပဲခူးတိုင်းဒေသကြီးသည် အချက်အချာကျသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည့်အတွက် လမ်းများတိုးတက်ကောင်းမွန်ပြီး ဒေသစီးပွားနှင့် နိုင်ငံ့စီးပွားကို အထောက်အပြုနိုင်စေရန်အတွက် လမ်းဦးစီးဌာနက မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ထို့အတွက် ဒေသတွင်းလမ်းကွန်ရက်များ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်ခြင်းလုပ်ငန်းများကို ဖော်ဆောင်ရင်းဖြင့် ပြည်သူ့အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေဦးမည်ဖြစ်ပါကြောင်း တင်ပြရေးသား လိုက်ရပါသည်။ ။

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# IT Audit ဆောင်ရွက်နိုင်ရန်အတွက် Data Analysis သင်တန်းအမှတ်စဉ် (၁/၂၀၂၂)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် IT Audit ဆိုင်ရာ Data Analysis သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ယနေ့ကမ္ဘာသည် Fourth Industrial Revolution ခေတ်သို့ ရောက်ရှိနေပြီဖြစ်ရာ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက် နည်းပညာ (Information Technology : IT) သည် အရေးပါသည့် မဏ္ဍိုင်တစ်ခု ဖြစ်လာပါကြောင်း၊ ထို့ကြောင့် စစ်ဆေးရေးနှင့် ရုံးလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများသည် IT ဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေးများ ပြည့်ဝစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ IT ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းသည် အချိန်ကုန်သက်သာ၍ လုပ်ငန်းတွင်ကျယ်သည့် အကျိုးကျေးဇူးများရှိသကဲ့သို့ သတင်းအချက်အလက် ပေါက်ကြားခြင်းဆိုင်ရာ ဆိုးကျိုးများလည်း ရှိသည်ဖြစ်ရာ သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ ကြီးကြပ်ထိန်းချုပ်မှုများကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သို့ပါ၍ သင်တန်းဆင်းများအနေဖြင့် ယခုသင်တန်းမှ ပို့ချမှုများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချခြင်း၊ ပြန်လည်မျှဝေသင်ကြားပေးခြင်းနှင့် IT ဆိုင်ရာဗဟုသုတ၊ ပညာရပ်များကို ဆက်လက်လေ့လာ ဖြည့်ဆည်းခြင်းတို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခံယူချက်ကောင်းများထားရှိ၍ ကြိုးစားသွားကြစေလိုပါကြောင်း မှာကြားသည်။(ဝဲပုံ)

အဆိုပါ သင်တန်းကို ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ရုံးချုပ်မှ ဝန်ထမ်း နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဝန်ထမ်း ၁၂ ဦး စုစုပေါင်း ၁၄ ဦး တက်ရောက် ပြီးမြောက်ခဲ့သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ "အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ"ခေါင်းစဉ်ဖြင့် ကျင်းပသည့် အသိပညာမျှဝေရေး ဆွေးနွေးပွဲအမှတ်စဉ် (၁၇) သို့ တက်ရောက်အမှာစကား ပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသို့ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ဝန်ထမ်းစုစုပေါင်း ၃၉၈ ဦးတို့သည် စုပေါင်းခန်းမနှင့် နေပြည်တော် သင်တန်းခန်းမနှစ်ခု၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးခန်းနှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးတို့မှ Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ်မှ မိုးစပါးဧက ၁၀၀ ၌ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်



**အိမ်မဲ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စုရှိ မိုးစပါးဧက ၁၀၀ ၌ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ပွဲကို ဇွန် ၂၉ ရက်က ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။ (ယာပုံ)

ပျိုးထောင်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။

ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်းကြောင့် မျိုးစေ့ကုန်ကျမှု သက်သာစေခြင်း၊ ပျိုးပင်ဖြစ်ထွန်းမှုမြန်ခြင်းနှင့် ပျိုးပင်များ ကျန်းမာသန်စွမ်းစေခြင်း၊ ပြောင်းရွှေ့စိုက်ပျိုးပြီးလျှင် ကောက်ပင်များ လျင်မြန်စွာသန်စွမ်းလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်းနှင့် တစ်ကွင်းတစ်ဆက်တည်း ဧက ၁၀၀ တွင် ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဦးက ပြောသည်။

**ချစ်သက်လယ်**

(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၇၇၅ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၈ | ၂၀၃၁ |
| 95 Ron | ၂၀၆၇ | ၂၁၄၂ |
| HSD (500 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (50 ppm) | ၂၃၄၉ | ၂၄၂၆ |
| HSD (10 ppm) | ၂၃၄၉ | ၂၄၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အင်ဒိုနီးရှားသမ္မတ ယူကရိန်းအရေးနှင့် အစားအစာထောက်ပံ့ရေး ဆွေးနွေး

မော်စကို ဇူလိုင် ၁

**ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မော်စကိုသို့ အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို တို့သည် ဇွန် ၃၀ ရက်က ယူကရိန်းတွင် ဖြစ်ပွားနေသော လက်ရှိအခြေအနေများနှင့် အစားအစာနှင့် ဓာတ်မြေသြဇာထောက်ပံ့ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။**

ကရင်မလင်တွင် တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပူတင်က ဝီဒိုဒိုကို ယူကရိန်းအခြေအနေနှင့်ပတ်သက်ပြီး အသေးစိတ် အသိပေးပြောကြားခဲ့သည်။

ကမ္ဘာ့အစားအစာဈေးကွက်တွင် မညီမျှမှုများ အကြောင်းပြောကြားရာတွင် တချို့အနောက်နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် နှစ်ပေါင်းများစွာကြာတာဝန်မဲ့သည့် စီးပွားရေးမူဝါဒများကြောင့် ယခုလို ပြဿနာများ ဖြစ်ပွားသည်ဟု မှတ်ယူကြောင်း ပူတင်က ပြောသည်။

ရုရှားသည် လွန်ခဲ့သောနှစ်က ဆန် (grain) တန်ချိန် ၄၃ သန်းကျော်တင်ပို့ခဲ့ကြောင်း၊ ၎င်းအနက် ဂျုံ တန်ချိန် ၃၃ သန်း ပါဝင်ကြောင်း ပူတင်က ပြောသည်။ ထို့အပြင် ရုရှားနိုင်ငံသည် ယခုနှစ်တွင် စိုက်ပျိုးမှုအခြေအနေ ကောင်းမွန်နိုင်သောကြောင့် ပိုမိုတင်ပို့သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် လုံလောက်သောဓာတ်မြေသြဇာများနှင့် တခြားပစ္စည်းများကိုလည်း အင်ဒိုနီးရှားနိုင်ငံနှင့် တခြားမိတ်ဖက်နိုင်ငံများသို့ တင်ပို့ရန် အဆင်သင့်ရှိကြောင်း ပူတင်က ပြောကြားလိုက်သည်။

မော်စကိုသို့ မသွားရောက်မီ ကီယက်ဗ်သို့ သွားရောက်ခဲ့သော ဝီဒိုဒိုက ယူကရိန်းအကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်ရေးနှင့် ဆိုင်သည့် အခြေအနေများ တိုးတက်ဖြစ်ထွန်းရန် ပြောကြားခဲ့သည်။

ဆင်ဟွာ



အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် တို့ ကရင်မလင်တွင် ဇွန် ၃၀ ရက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

# ဂျပန်နိုင်ငံ နေရာခြောက်ခုတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်

**တိုကျို ဇူလိုင် ၁**

ဂျပန်နိုင်ငံ ဒေသခြောက်ခု၌ နေ့ဘက်တွင်အပူချိန်၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ စံချိန်တင် ကျော်လွန်လာမှုနှင့်အတူ ဇူလိုင် ၁ ရက်တွင် နိုင်ငံတစ်ဝန်း ပူပြင်းသော အပူချိန်များ ဆက်လက်မြင့်တက်လာကြောင်း သိရသည်။



တိုကျိုမြောက်ပိုင်း ဂန်မာပြည်နယ် ခီရာယုမြို့တွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ရောက်ရှိလာပြီး အဆိုပါအပူချိန်မှာ ယခုနှစ်အတွင်း အမြင့်ဆုံး အပူချိန်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဂျပန်နိုင်ငံတစ်ဝန်းရှိ အခြားမြို့နယ်ငါးခုတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးရပ်စ် အထက်ရှိကြောင်း၊ တိုကျိုမြို့လယ်တွင် နေ့အပူချိန် ၃၇ ဒီဂရီဆဲလ်စီးရပ်စ်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း နေရာ ၂၃၅ ခုရှိသည့် အနက် ၃၅ နေရာကျော်တွင် အပူချိန်မြင့်တက်လာကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ညဘက်တွင် အပူချိန် ၂၅ ဒီဂရီဆဲလ်စီးရပ်စ်အထက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကန်တို-ကိုရှင်း မှ ကျူရှူ ကျယ်ပြန့်သောဒေသများအထိ အပူဒဏ် သတိပေးချက် ထုတ်ပြန်ထားသည်။ အခန်းအပူချိန် ထိန်းချုပ်ရန်အတွက် ခုတင်ဘေးတွင် ရေများထားရှိရန်၊ အိပ်နေစဉ်အချိန်တွင် လေအေးပေးစက်များ လည်ပတ်ရန်အတွက်လည်း အာဏာပိုင်များက ပြည်သူများအား တိုက်တွန်းထားသည်။

ဂျပန်နိုင်ငံရှိ ဆေးရုံများတွင် အပူဒဏ်ကြောင့် ဆေးရုံတက်ရောက်သူဦးရေ တိုးလာပြီး သေဆုံးသူအတော်များများရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မြေပြိုမှုကြောင့် သေဆုံးသူ ၁၁ ဦးအထိရှိလာ

**နယူးဒေလီ ဇူလိုင် ၁**

ကယ်ဆယ်ရေးသမားများသည် ဇူလိုင် ၁ ရက်က နောက်ထပ် သေဆုံးသူ လေးဦး၏ ရုပ်အလောင်းများကို အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ရထားလမ်းတည်ဆောက်ရေးစခန်း မြေပြိုမှုဖြစ်ပွားရာနေရာမှ ဆွဲထုတ်ခဲ့ရသည်။ ယခုအခါတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဒေသတွင်း သတင်းများ၌ ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့များနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့များသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်တွင် ဖြစ်ပွားသော အဆိုပါဖြစ်စဉ်၌ ပြိုကျအပျက်အစီးများကြားပိတ်မိနေသူ ဒါဇင်ကျော်ကို ကယ်ဆယ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်အထိ လူပေါင်း ၂၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်တစ်ဦးက ဒေသတွင်းမီဒီယာသို့ပြောသည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးသူအများစုမှာ ရထားလမ်း တည်ဆောက်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသော နယ်မြေခံတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။

တပ်ဖွဲ့ဝင်များအပါအဝင် အသက်ပေါင်းများစွာဆုံးရှုံးမှုသည် အလွန်တရာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း မဏိပူရပြည်နယ်ဝန်ကြီးချုပ် အင်န်ဘိုင်ရန်ဆင်းက တွစ်တာတွင်ရေးသားဖော်ပြခဲ့သည်။ ထို့အပြင် အဆိုပါဖြစ်စဉ်တွင် လူပေါင်း ၅၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးအသင်းအဖွဲ့များသည် ရွှံ့ညွန်များနှင့် ကျောက်တုံးများကို ဖယ်ရှားပြီး အသက်ရှင်ကျန်ရစ်သူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း စစ်တပ်ပြောရေးဆိုခွင့်ရှိသူ ဆူမစ်ကူးမားရှာမင်နက ပြောသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဝေးလံခေါင်သီသော နေရာများတွင် လွန်ခဲ့သောသီတင်းပတ်များက မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် မြေပြိုမှုနှင့် ရေကြီးမှုများ ဖြစ်ပွားလျက်ရှိသည်။ **အေအက်ဖ်ပီ**



မြေပြိုမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

## သမိုင်းရေးရာကိစ္စရပ်များကို အတူတကွဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း တောင်ကိုရီးယားသမ္မတပြော

**ဆိုးလ် ဇူလိုင် ၁**

တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ခ်ယော်က ဂျပန်နိုင်ငံနှင့်ဖြစ်ပွားလျက်ရှိသော သမိုင်းဆိုင်ရာကိစ္စရပ်များကို အတူတကွ ပေါင်းစပ်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။

နေတိုး အစည်းအဝေးနှင့် တခြားအစည်းအဝေးများကို တက်ရောက်ပြီး စပိန်နိုင်ငံမှ ပြန်လာသော ယွန်းက ဇူလိုင် ၁ ရက်က သတင်းထောက်များကို ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

နိုင်ငံ၏ သမ္မတဖြစ်ပြီးနောက် ယွန်အတွက် အဆိုပါခရီးစဉ်သည် ပထမဆုံးခရီးစဉ်ဖြစ်သည်။

တိုကျိုနှင့် ဆိုးလ်တို့သည် အနာဂတ်အတွက် အတူတကွလုပ်ဆောင်ကြမည်ဆိုလျှင် သမိုင်းရေးရာကိစ္စရပ်များကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ယွန်က ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## အီရန်နိုင်ငံ အရှေ့တောင်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား ၁၀ ဦး သေဆုံး

**တီဟီရန် ဇူလိုင် ၁**

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း စစ္စတန်နှင့် ဘလိုချီစတန် ပြည်နယ်တို့တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားရာ ၁၀ ဦးထက်မနည်း သေဆုံးကြောင်း တရားဝင်သတင်းဌာနတစ်ခုဖြစ်သည့် IRNA တွင် ဇူလိုင် ၁ ရက်က ဖော်ပြထားသည်။

ဇွန် ၃၀ ရက်ညပိုင်းက ကိုနာရက်ခ်မြို့မှ နစ်ရှာဟာမြို့ လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားပြီး မီးလောင်မှုဖြစ်ပွားရာ လူနှစ်ဦး ဒဏ်ရာရရှိကြောင်း အိုင်ရန်ရှာဟာမြို့ ဆေးသိပ္ပံတက္ကသိုလ်မှ အရာရှိတစ်ဦးဖြစ်သူ ရီဇီ အာဘာဘီ နာဆာက IRNA သတင်းဌာနသို့ ပြောကြားသည်။

ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကရင်ပြည်နယ် မြဝတီမြို့နယ် ဥကရစ်ထကျေးရွာအနီးရှိ စစ်ဗျူဟာအရေးကြီး နေရာတစ်ခုအား တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာ သိမ်းပိုက်ရရှိ

**နေပြည်တော် ဇူလိုင် ၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး လုံခြုံမှုပြည့်ဝစွာဖြင့် မိမိတို့၏လူမှုစီးပွားဘဝအား လွတ်လပ်စွာ ဆောင်ရွက်နိုင်စေရေးအတွက် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေါလေဒေသအတွင်း ဥကရစ်ထစစ်ဆင်ရေးခြေကုတ်စခန်း၌ တာဝန်ထမ်းဆောင်နေသည့် မြန်မာ့တပ်မတော် စစ်ကြောင်းကို KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက သာလွန်အင်အား အများအပြားအသုံးပြု၍ ဇွန် ၂၆ ရက်မှ စတင်၍ အကြိမ်ကြိမ်လာရောက် တိုက်ခိုက်ခဲ့သည်။

သို့ရာတွင် ဥကရစ်ထစစ်ဆင်ရေးခြေကုတ်စခန်းမှ အရာရှိ၊ စစ်သည်များ၏ မိမိအသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်မှု၊ လေကြောင်းနှင့် လက်နက်ကြီး ပစ်ကူများမှ ထိရောက်စွာ ပစ်ကူပေးတိုက်ခိုက်မှုတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများသည် စခန်းကို သိမ်းပိုက်နိုင်မှုမရှိဘဲ ထိခိုက်ကျဆုံးမှုများပြားစွာဖြင့် အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ဥကရစ်ထကျေးရွာအနီးရှိ စစ်ဗျူဟာ အရေးကြီးနေရာတစ်ခုအား တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာ သိမ်းပိုက်ရရှိသည့်နေရာပြပုံ

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ဥကရစ်ထကျေးရွာနှင့် အနီးတစ်ဝိုက် လူနေတဲများရှိ ဖုံးခိုကျင်းများကို အသုံးပြုခိုအောင်း၍ မိမိတပ်မတော်စစ်ကြောင်းများကို ဆက်လက်ပစ်ခတ်တိုက်ခိုက်လျက်ရှိသဖြင့် တပ်မတော်မှ လေကြောင်းနှင့် လက်နက်ကြီး ပစ်ကူများဖြင့် ပစ်ခတ်တိုက်ခိုက်ချေမှုန်းခြင်း၊ စစ်ကူစစ်ကြောင်းများကို လေကြောင်းမှတစ်ဆင့် ပို့ဆောင်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဥကရစ်ထစစ်ဆင်ရေးခြေကုတ် ပတ်ဝန်းကျင် စစ်ဗျူဟာအရအရေးကြီးသည့်တောင်ကုန်းရှိ အကြမ်းဖက် သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်း၊ စစ်ကူစစ်ကြောင်းတစ်ကြောင်းတို့မှ ရဲဝံ့စွန့်စားစွာဖြင့် လေကြောင်းနှင့် လက်နက်ကြီး ပစ်ကူကိုထိရောက်စွာ အသုံးပြုတိုက်ခိုက်ခဲ့ပြီးနောက် ယနေ့ နေ့လယ်ပိုင်းတွင် သိမ်းပိုက်ရရှိခဲ့သည်။

တိုက်ပွဲဖြစ်စဉ်များအတွင်း မိမိထိခိုက်မှုမရှိဘဲ အကြမ်းဖက်သမားများ ထိခိုက် ကျဆုံးမှုများပြားစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် မိမိတပ်မတော်စစ်ကြောင်းများမှ ဥကရစ်ထစစ်ဆင်ရေးခြေကုတ်သို့ ပူးပေါင်းနိုင်ရေး သိမ်းပိုက်ရရှိသည့် ခြေကုတ်နေရာမှတစ်ဆင့် ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် အဆိုပါဒေသအတွင်း KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ လုံးဝအခြေချနေထိုင်မှုမရှိစေရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေ စိုးမိုးရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်နေ ဒေါက်တာကြည်သာသည် ၎င်းအသုံးပြုသည့် “Kyi Tha” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၃)ရပ်ကွက် အိန္ဒာရပ်နေ ပြည့်ဖြိုးလျှံဝေ(ခ)ဖြိုးဝေသည် ၎င်းအသုံးပြုသည့် “Pyae Phyo” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ဖျားရပ်ကွက်နေ ထွန်းမြတ်ဖြိုး(ခ)စုကမ်းငယ်သည် ၎င်းအသုံးပြုသည့် “Tun Myat Phyo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘိုးပိုက်ဆံ(၃)ရပ်ကွက်နေ စောခူစေး(ခ)စောပီးနံ(ခ)ကရင်သည် ၎င်းအသုံးပြုသည့် “Ka Yin” Facebook အကောင့်၊ ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ ဆလိုင်းကျော်ထွေးသည် ၎င်းအသုံးပြုသည့် “Saline Kyaw Htwe” Facebook အကောင့်၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မူရှင်းကျေးရွာနေ စိုင်းဝဏ္ဏကျော်(ခ)လူပျိုကြီးနှင့် ထွန်းထွန်းဇော်(ခ)အစေ့ကေတို့သည် ၎င်းတို့အသုံးပြုသည့် “Sai Wunna Kyaw” Facebook အကောင့်နှင့် “Tun Tun Zaw” Facebook အကောင့်၊ ကျောက်တော်မြို့နယ် ပြည်တော်သာရပ်ကွက်နေ ဇော်ဝင်း(ခ)လူထုဇော်ဝင်းသည် ၎င်းအသုံးပြုသည့် “Zaw Win” Facebook အကောင့်၊ မြောက်ဦးမြို့နယ် ကျောက်ရာဇ်ကေရပ်ကွက်နေ ကျော်ဝင်းလှိုင်သည် ၎င်းအသုံးပြုသည့် “Kyaw Win Hlaing” Facebook အကောင့်၊ ကျောက်တော်မြို့နယ် ခေါင်တုတ်ကျေးရွာနေ ကျော်သန်းမောင်သည် ၎င်းအသုံးပြုသည့် “Kyaw Than Maung” Facebook အကောင့်၊ မင်းဂံရပ်ကွက်နေ ဇော်မိုးထက်သည် ၎င်းအသုံးပြုသည့် “Zaw Moe Htet” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်နေ မျိုးမင်းသောင်းသည် ၎င်းအသုံးပြုသည့် “Myo Min Thaung” Facebook အကောင့်၊ စိန်ပန်းရပ်ကွက်နေ ထွန်းလင်းသည် ၎င်းအသုံးပြုသည့် “Htun Lin” Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် ပြည်သာယာလမ်းသွယ် ရပ်ကွက်ကြီး(၈)နေ အောင်မင်းခန့်(ခ)ဒါဒါနှင့် ရွှေကောင်းကင်(ခ)သားကြီးတို့သည် ၎င်းတို့အသုံးပြုသည့် “Dar Dar” Facebook အကောင့်၊ “Shwe Sky” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ကြည်ကြည်ခိုင်(ခ)ချောစုသည် ၎င်းအသုံးပြုသည့် “Chaw Su” Facebook အကောင့်၊ အလုံမြို့နယ် မြင်းခြံရပ်ကွက်နေ သန်းထိုက်ဇော်(ခ) ဖက်တီးသည် ၎င်းအသုံးပြုသည့် “Fattee” Facebook အကောင့်၊ ကျောက်တံတားမြို့နယ် အမှတ်(၃)ရပ်ကွက်နေ လှလှဝင်းသည် ၎င်းအသုံးပြုသည့် “Hla Hla Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဇူလိုင် ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ဝ ဒသမ ၆၇ ရာခိုင်နှုန်းရှိ

(၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၆၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၇၇,၄၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၆၂၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၆၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၂၁) ခု | (၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၁၄) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၀၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၈၀၁) ခု | (၆) ဦး |
| စုစုပေါင်း | (၄,၇၆၇) ခု | (၃၂) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသောပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများမှ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေးအတွက် ပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေတပ်ဆင်ရန် အစဉ်တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်း၊ ပြည်သူလူထုမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းများကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းများ သိသိသာသာ ကျဆင်းလာပြီဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ ကျင့်သုံးလိုက်နာဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအနက် အောက်ပါအခြေအနေများတွင်သာ ပါးစပ်နှင့်နှာခေါင်းစည်းအား မဖြစ်မနေတပ်ဆင်ရန် လိုအပ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊

( ခ ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ ကျန်းမာရေးဌာနများ၊ ရုံးများ၊ ကျောင်းများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူထူထပ်သော နေရာများ၌ လူအများနှင့် အတူရှိနေခြင်း၊

( ဂ ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် PPE ဝတ်စုံ ၅၇၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



# လူ နဲ့ ပိုး

သမားအို

> ❖ ကျွန်တော်တို့နဲ့ ထိုင်းနိုင်ငံက အိမ်ဦးနဲ့ ကြမ်းပြင်လိုပဲဖြစ်နေတာမို့ ကူးစက်မြန်တဲ့ BA.4 နဲ့ BA.5 ဟာ ရောက်ကို ရောက်လာမှာပါ။ မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ လှိုင်းဂယက်တွေကိုကြည့်ရင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ် သုံးလ ဝါဆိုဝါခေါင် ရေတွေဖောင်တဲ့လတွေမှာ ကိုဗစ်-၁၉ လှိုင်းထလေ့ရှိတာကို တွေ့ခဲ့ရပြီးဖြစ်တဲ့အတွက် မကြာခင်မှာ လှိုင်းဂယက်တွေထလာမှာကို တွေးပူမိတယ်။ ကိုဗစ်-၁၉ ပိုင်းရပ်စ်ပိုးဟာ အေးမြစိုစွတ်တဲ့ ပတ်ဝန်းကျင်ကို ကြိုက်တယ်လို့ သုတေသီတွေက ပြောကြလို့ ဒီကာလမှာ သတိထားဖို့ လိုလာပါတယ်

"လူတွင်ပါလို့ နွားကျားကိုက်ခံရတာ" ဆိုတဲ့ ရှေးလူကြီးတွေရဲ့ စကားဟာ ကိုဗစ်-၁၉ ကပ်ရောဂါက ပေးထားတဲ့သင်ခန်းစာနဲ့ ကိုက်ညီနေတာကို တွေ့ရပါတယ်။

၂၀၂၀ နှစ်ဆန်း ကိုဗစ်-၁၉ ရောဂါသတင်းတွေကြားခါစက တွေးရိုးတွေးစဉ်တွေးကြတဲ့ ဆရာဝန်တွေရဲ့ပါးစပ်က နှစ်ပတ်ပဲသည်းခံရင် ရောဂါပြဿနာကျသွားမယ်လို့ ပြောခဲ့ကြပါတယ်။ ရောဂါခြေချုပ်လုပ်ဖို့ အိမ်တွေမှာပဲနေဖို့ဆိုတဲ့ ကိစ္စတွေကို သည်းခံနိုင်အောင် အားပေးရင်း အားပေးရင်းနဲ့ နေတော့ ကမ္ဘာကြီးတစ်ခုလုံး နှစ်နှစ်ကျော်ကြာ ခြေချုပ်ကျနေတဲ့ဒဏ်ကို မခံနိုင်တော့ဘဲ လှုပ်လှုပ်ရွရွဖြစ်လာကြပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ရဲ့ လုပ်ဆောင်ချက်တွေကို အားမရဘဲ အခုကျင်းပနေတဲ့ G-20 အစည်းအဝေးမှာပဲ အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးနဲ့ပတ်သက်ပြီး ကပ်ရောဂါဆိုင်ရာဆုံးဖြတ်ချက်တွေကို၊ လမ်းညွှန်ချက်တွေကို ပြင်မှဖြစ်မယ်လို့ ပြောလာကြပါတယ်။

## လူတွေရဲ့ အပြုအမူ

အဲဒီလိုပြောလာတဲ့အထဲမှာ အင်ဒိုနီးရှားဝန်ကြီးက "The health crisis becomes an economic crisis, economic crisis becomes a social crisis and a social crisis becomes a political crisis" လို့ ပြောသွားပါတယ်။ "ကပ်ရောဂါကြောင့် ဖြစ်လာတဲ့ ကျန်းမာရေးပြဿနာက စီးပွားရေး ပြဿနာဖြစ်၊ စီးပွားရေးပြဿနာက လူမှုရေးပြဿနာဖြစ်ပြီး နောက်တော့ နိုင်ငံရေးပြဿနာတွေ ဖြစ်လာတယ်"လို့ ဆိုတယ်။ အဲဒီအထိကတော့ မှန်ပါတယ်။ ဒါပေမယ့် G-20 အစည်းအဝေးမှာ "Global Health protocol standards that will make the mobility of global travellers easier" အကြံဉာဏ်တွေ ထုတ်လာတာကိုတော့ စဉ်းစားကာ နေရဦးမယ်လို့ ဆိုရပါမယ်။ စီးပွားရေးဆရာတွေက စီးပွားရေးကို ဦးစားပေးတာမှန်ပေမဲ့ လူတွေရဲ့ အပြုအမူတွေက ကပ်ရောဂါတွေကို ပိုမိုဆိုးရွားစေရုံသာမကဘဲ ဆေးကုမရတဲ့ ဗိုင်းရပ်စ်ပိုးတွေကို ပိုပြီး အားပေးအားမြှောက်လုပ်သလို ဖြစ်နေတာကို ထည့်တွက်ဖို့ လိုပါတယ်။

ရှေးရှေးတုန်းကလည်း ကပ်ရောဂါတွေ ရှိခဲ့တာပဲ။ Black Death လို့ခေါ်တဲ့ ပလိပ်ရောဂါလိုပဲ ကြောက်စဖွယ်ကြုံခဲ့ရတယ်။ ကာလဝမ်းရောဂါကြီးတွေနဲ့လည်း ကြုံခဲ့ရတယ်။ ကျောက်ရောဂါကြီးတွေနဲ့လည်း ကြုံခဲ့ရတယ်။ ရောဂါစဖြစ်တဲ့နေရာကနေ ကျယ်ပြန့်တဲ့ ကပ်ရောဂါအသွင်ပြောင်းရတာ ဘာကြောင့်လဲလို့ ဆန်းစစ်ရင် လူတွေရဲ့ကြောက်စိတ်နဲ့ လှုပ်ရှားသွားလာမှုက အဓိကကျနေတာ တွေ့ရပါတယ်။ ရောဂါဖြစ်တယ်ဆိုတာ သဲ့သဲ့ကြားတာနဲ့ ရပ်ရွာကိုပစ်ပြီး ထွက်ပြေးကြတယ်။ အဲဒီထွက်ပြေးသွားတဲ့လူအုပ်စုတွေထဲမှာ ရောဂါလက္ခဏာမပြတဲ့လူတွေ ပါလာတယ်။ ရောဂါပိုးတွေကပ်ငြိနေတဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ ပါလာတယ်။ ဒါတွေက လူတွေရောက်ရာဒေသမှာ ရောဂါကူးစက်ဖို့ အဆင်သင့်ဖြစ်နေတာ တွေ့ရပါတယ်။

၂၀၁၉ အကုန်မှာ ကိုဗစ်-၁၉ စဖြစ်တယ်။ ဝူဟန်မှာ ရောဂါဖြစ်ပြီလို့ သတင်းထွက်တာနဲ့ ထွက်ပြေး ပြောင်းရွှေ့သွားတဲ့သူတွေ အများကြီးပဲ။ သူတို့တစ်တွေ ဘယ်ရောက်ကုန်သလဲ။ ဝူဟန်ကို ပိတ်ဆို့ဖို့(Lockdown) လုပ်ဖို့ဆုံးဖြတ်ဆောင်ရွက်ရတဲ့ အချိန်မတိုင်ခင်မှာ လူသန်းပေါင်းများစွာ ပြောင်းရွှေ့ထွက်သွားမှာသေချာပါတယ်။ ဥရောပကို ရောက်တယ်။ နောက်တော့ အမေရိကန်မှာ စုပြုံသွားတယ်။ အခုထက်ထိလည်း ကိုဗစ်-၁၉ ကပ်က မရပ်သေးဘူး။ အမေရိကန်က ချန်ပီယံပဲ။ လောလောဆယ် ပြန်ခေါင်းထောင်လာတဲ့ပိုးက အိုမီခရွန်ဗိုင်းရပ်စ်ပိုးရဲ့ မျိုးကွဲ BA.4 နဲ့ BA.5 တွေ များလာတယ်။ စမ်းသပ်ကြည့်တဲ့လူတွေရဲ့ လေးပုံတစ်ပုံဟာ ကိုဗစ်-၁၉ ရဲ့ မျိုးကွဲ အိုမီခရွန်ရဲ့နောက်ဆက်တွဲ ထွက်လာတဲ့ BA.4 နဲ့ BA.5 တွေပါပဲ။ အလွန်ကူးစက်မြန်ပြီး လူတွေရဲ့ကိုယ်ခံအားကို လှည့်ပတ်ရှောင်ရှားပြီး ဝင်သွားနိုင်တယ်လို့ ပညာရှင်တွေက ပြောကြပါတယ်။

## စီးပွားရေးကျဆင်းမှုတွေ ဖြစ်လာ

ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းမှုတွေ ဖြစ်လာနေတာကို ထောက်ပြပြီး ခရီးသွားတွေ များများသွားရင် စီးပွားဖြစ်မယ်လို့ အကြောင်းပြကြတယ်။ ပိတ်ထားတဲ့တံခါးတွေ ဖွင့်ကြရတယ်။ ဒါက တစ်ကမ္ဘာလုံးပဲ။ အိမ်နီးချင်း ထိုင်းနိုင်ငံကတော့ လက်မြန်ခြေမြန် စီးပွားပြန်တက်လာအောင်ဖွင့်ပေးထားတယ်။ မြန်မာနိုင်ငံနောက်မှာ ဝေးဝေးကျန်ခဲ့ဖူးတဲ့ စင်ကာပူနိုင်ငံတောင်မှ မြန်မာ့ကိုဗစ်-၁၉ နှုန်းထားကို များစွာကျော်လွှားသွားတယ်။ ရောဂါပိုးတွေ့နှုန်းက စင်ကာပူမှာ မြန်မာထက် နှစ်ဆကျော်ကျော်ဖြစ်လာတယ်။ ဗီယက်နမ်နိုင်ငံဆိုရင်လည်း အာဆီယံနိုင်ငံတွေထဲက အားလုံးကိုကျော်ဖြတ်ပြီး ထိပ်ဆုံးပိုးတွေ့နှုန်းရှိတဲ့နိုင်ငံဖြစ်လာတယ်။

ဘာဖြစ်လဲ။ များများရောဂါဖြစ်ပြီး နည်းနည်းပဲသေတဲ့နိုင်ငံ ရှားလာပြီ။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးဟာ ကုရာနတ္ထိ ဆေးမရှိဘူး။ ကာကွယ်ဆေးတွေ အမျိုးမျိုးထုတ်ပြီးကာကွယ်လာကြလို့ ကူးစက်ခံရသူ နည်းလာတယ်။ သေကောင်ပေါင်းလဲ မဖြစ်တော့ဘူးဆိုတာမှန်ပေမယ့် ရောဂါပိုးတွေဟာ ဗီဇပြောင်းပြီး တိုက်ခိုက်လာတာကြောင့် ပင်လယ်ကလာတဲ့လှိုင်းလုံးတွေလို တစ်လုံးပြီးတစ်လုံး ဆင့်လာတယ်။ နိုင်ငံအချို့မှာ ပဉ္စမလှိုင်း (Fifth wave) တွေ ကြုံတွေ့ခဲ့ပြီးပါပြီ။

## ပဉ္စမလှိုင်းရဲ့အစလား

မြန်မာနိုင်ငံမှာတော့ ဒီနှစ်ဆန်းမှ စတုတ္ထလှိုင်းလို့ပြောရင်ရတဲ့ လှိုင်းကလေးတစ်ခု အိုမီခရွန်(Omicron) ပြောင်းဖြစ်ခဲ့ပြီး အခုတော့ ပိုးတွေ့နှုန်းတွေဟာ အတော်ပဲနည်းသွားတယ်။ စစ်တဲ့အထဲက လေး၊ ငါးယောက်လောက်ပဲရှိနေပေမယ့် အခုရက်ပိုင်းအတွင်းမှာ ဆယ်ယောက်နဲ့အထက် ပိုးတွေ့သူတွေရှိလာတယ်။ သဘာဝအတိုင်း လှိုင်းကြက်ခွပ်ကလေးတွေပဲလား၊ ဒါမှမဟုတ် ပဉ္စမလှိုင်းရဲ့အစလား။ ဘယ်သူမှ အပ်ကျမပ်ကျ မပြောနိုင်ပါဘူး။

အရေးကြီးတာက ကိုယ့်နိုင်ငံထဲကို ရောဂါပိုးသစ်တွေ ဝင်မလာအောင်၊ ဝင်လာခဲ့ရင်လည်း စောစောသိ စောစောထိန်းချုပ်နိုင်အောင်ဆောင်ရွက်ဖို့ပါပဲ။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ တာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်နေကြတာကို တွေ့နိုင်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ကိုဗစ်-၁၉ သင်ခန်းစာတွေကို ပြန်ကြည့်ရင် ရောဂါလက္ခဏာမပြတဲ့ လူတွေက ပိုများတာလည်း တွေ့နိုင်တယ်။ အစက ထင်ထားတဲ့ ရောဂါလက္ခဏာတွေ (ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူကျပ်) မဟုတ်။ အနံ့ပျောက်တာတွေ ဖြစ်လာလို့အနံ့ပျောက်သူတွေကို စောင့်ကြည့်အုပ်စုအဖြစ်ထားခဲ့ရတယ်။ အခု အိုမီခရွန်ကျတော့ အနံ့တင်မက အရသာပါပျောက်တယ်။ လည်ချောင်းနာတယ်၊ ဝမ်းပျက်တယ်၊ ကိုက်တယ်နာတယ်ဆိုတာတွေပါဖြစ်လာတယ်။ သေချာတာတစ်ခုကတော့ အစမှာ အဖျားတိုင်းနေရုံနဲ့ မကာကွယ်နိုင်ဘူးဆိုတဲ့ အချက်ပါပဲ။ လွဲမှားစိတ်ချရမှု (Failed Safe) ဖြစ်စေနိုင်တဲ့အချက်တွေရှိနေတယ်။

## အပြုအမူတွေ ပြောင်းလဲဖို့ခက်ဆဲ

ကူးစက်မြန်တဲ့ အိုမီခရွန် မျိုးကွဲ BA.4 နဲ့ BA.5 ဟာ အမေရိကန်မှာ ခေါင်းထောင်လာတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်လာတယ်။ ပိုးတွေ့နှုန်း နေ့စဉ် သိန်းဂဏန်းလောက်ရှိပြီး နေ့စဉ်ပဲ ရာဂဏန်းလောက်သေနေဆဲပဲ။ လူတစ်သန်းကျော်သေသွားခဲ့တဲ့ အမေရိကန်နိုင်ငံမှာ အခုထက်ထိ လူတွေဟာ ကိုယ်တိုင်ကျန်းမာစေဖို့ အပြုအမူတွေ ပြောင်းလဲဖို့ခက်ဆဲ၊ ပြောင်းလဲဖို့ငြင်းဆန်ဆဲပါပဲ။ ဒါလည်း လူ့သဘာဝပါ။ လွတ်လပ်လွန်းတဲ့ လူ့အဖွဲ့အစည်းတွေအတွက်တော့ ပုံမှန်ဖြစ်ရပ်တွေပဲဖြစ်ပါတယ်။ ဥရောပမှာလည်း ဒီအချိန်မှာပွင့်လင်းရာသီဖြစ်လို့ ပျော်ပျော်ရွှင်ရွှင် အိမ်အပြင်ထွက်ကြတယ်။ ဆောင်းတွင်းရောက်ရင် ဆောင်းခိုငှက်တွေလိုပဲ အာရှနိုင်ငံက ဒေသအမျိုးမျိုးမှာ ဈေးသက်သက်သာသာ အပန်းဖြေနိုင်မယ့် နေရာတွေကိုလာကြလိမ့်ဦးမယ်။ ဇန်နဝါရီကြာ ဉကလပ်တွေမှာ စည်ကားဦးမယ်။ (ဒီမှာရှိ၊ မရှိ မသိပါ။)

## ဝါဆိုဝါခေါင် ရေတွေဖောင်တဲ့လတွေမှာ ကိုဗစ်-၁၉ လှိုင်းထလေ့ရှိ

လောလောဆယ်ထိုင်းနိုင်ငံထဲကို BA.4 နဲ့ BA.5 မျိုးကွဲတွေ ရောက်နေပါပြီ။ အင်ဒိုနီးရှားနိုင်ငံမှာလည်း အဲဒီပိုးမျိုးကွဲတွေကို တွေ့နေရတယ်လို့ သတင်းထုတ်ပါတယ်။ ကျွန်တော်တို့နဲ့ ထိုင်းနိုင်ငံက အိမ်ဦးနဲ့ကြမ်းပြင်လိုပဲဖြစ်နေတာမို့ ကူးစက်မြန်တဲ့ BA.4 နဲ့ BA.5 ဟာ ရောက်ကို ရောက်လာမှာပါ။ မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ လှိုင်းဂယက်တွေကိုကြည့်ရင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ် သုံးလ ဝါဆိုဝါခေါင် ရေတွေဖောင်တဲ့လတွေမှာ ကိုဗစ်-၁၉ လှိုင်းထလေ့ရှိတာကို တွေ့ခဲ့ရပြီးဖြစ်တဲ့အတွက် မကြာခင်မှာ လှိုင်းဂယက်တွေထလာမှာကို တွေးပူမိတယ်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးဟာ အေးမြစိုစွတ်တဲ့ ပတ်ဝန်းကျင်ကို ကြိုက်တယ်လို့ သုတေသီတွေက ပြောကြလို့ ဒီကာလမှာ သတိထားဖို့ လိုလာပါတယ်။ စိုးရိမ်စရာသိပ်မလိုပေမယ့်ကြိုတင်သိတော့ကိုယ်တိုင်ကာကွယ်နိုင်တယ်။ အများကိုလည်းကာကွယ်ပေးနိုင်တယ်။ ကာကွယ်ဆေးတွေလည်း မထိုးရသေးရင် ပြေးထိုးလိုက်ဖို့ အချိန်ရပါသေးတယ်။

ဒီကပ်ရောဂါသံသရာဟာ ပြီးတော့မှာလားဆိုတဲ့ မေးခွန်းတွေထပ်နေပေမယ့် ဘယ်သူမှ အာမမခံနိုင်ပါဘူး။ လူတွေက အကျင့်မပြင်ချင်ကြတဲ့အချိန်မှာ ပိုးတွေက ဗီဇပြောင်းဖို့ အခွင့်အလမ်းတွေ ရနေကြတယ်။ အာဟာရချို့တဲ့တယ်၊ ရောဂါအခံတွေများတယ်၊ ဆင်းရဲကျပ်တည်းစွာ စုပြုံနေကြရတယ်၊ ရွှေ့ပြောင်းအလုပ်လုပ်နေကြရတယ်။ ကျောခင်းစရာတစ်နေရာလေးရဖို့ အလုပ်ရှိတဲ့ မြို့ကြီးပြကြီးတွေမှာ မီခိုပြီးဖြစ်သလို နေကြရတယ်။ ဒါကြောင့် အပြင်ထွက်အလုပ်လုပ်၊ အားတဲ့အချိန်မှာ လက်ဖက်ရည်ဆိုင်ထိုင်နေ (အနောက်နိုင်ငံတွေမှာတော့ ဘီယာဆိုင်တွေ)။ ဒီလိုနေထိုင်မှု သာမန်တွေနဲ့ ရှင်သန်ရတော့ (Stay at home) ဆိုတာထက် Home ဆိုတဲ့ နွေးထွေးတဲ့ ရိပ်မြုံတွေမရှိရင် စိတ်ဖိစီးဒဏ်ရာရမှု များလှပါတယ်။

ရွှေ့ပြောင်းအလုပ်လုပ်ဖို့ ခရီးထွက်ရတယ်။ ပိုက်ဆံကလေးပိုက်နိုင်တော့လည်း အိမ်ပြန်ရတယ်။ ပွဲလမ်းသဘင်ရှိတဲ့ ကိုယ့်ရပ်ကိုယ့်ရွာကိုလည်း ပြန်လာဖြစ်ဖို့ ကြိုးစားရတယ်။ တစ်ကမ္ဘာလုံးမှာ စီးပွားရေးကျားကန်ပေးနေတာဟာ ရွှေ့ပြောင်းလုပ်သားတွေပဲလို့ ဆိုရလောက်အောင်ဖြစ်လာတယ်။ အလုပ်လုပ်ဖို့ ရွှေ့ပြောင်းတယ်။ ဆောင်းခိုဖို့ ရွှေ့ပြောင်းတယ်။ ပျော်ဖို့၊ အနားယူဖို့ ရွှေ့ပြောင်းသွားလာတယ်။ ဒီသဘာဝကို ထည့်မတွက်ဘဲ ကပ်ရောဂါတွေပျောက်အောင် မလုပ်နိုင်ပါဘူး။

## မျောက်ကျောက်ရောဂါပိုး ကူးစက်မှု

သုတေသနတစ်ခုမှာ မျောက်ကျောက်(Monkey Pox) ရောဂါပိုးဟာ ဗီဇပြောင်းလဲမှုတွေရှိတယ်လို့ ဆိုလာတယ်။ နိုင်ဂျီးရီးယား (Nigeria) နိုင်ငံမှာ အခြေချခဲ့တဲ့ မျောက်ကျောက်ပိုးဟာ ဗီဇပြောင်းမှု အကြိမ်ပေါင်း ငါးဆယ်လောက်ရှိတယ်တဲ့။ ပိုပြီးကူးစက်မြန်လာမယ့်သဘောရှိတယ်။ ဒီကနေ့ စာရင်းအရ ကမ္ဘာ့နိုင်ငံ ၄၄ နိုင်ငံမှာ လူနာပေါင်း ၃၅၀၀ကျော်ရှိလာပြီဖြစ်လို့ WHO က ခေါင်းခြောက်နေရပါပြီ။

ကျွန်တော်တို့တော့ အေးဆေးပဲလား။ စင်ကာပူမှာ မျောက်ကျောက်ရောဂါပိုးရှိတဲ့သူကို တွေ့ရတာ သေချာပြီ။ တောင်ကိုရီးယားမှာလည်း တွေ့နေရတယ်။ အောင်းခိုဖို့လာကြမယ့် အနောက်တိုင်းသားတွေထဲက ပိုးသယ်လာမယ့် လူတွေကတစ်ဆင့် ဒေသခံတွေကို ကူးစက်လိမ့်မယ်။ "ရွှေ" တို့ဟာ သံမှုန့်စားပြီး လူဖြစ်နေတာ မဟုတ်ပါဘူးခင်ဗျာ။ ။

# ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ အခြေခံစက်ချုပ်သင်တန်းဆင်း

အမရပူရ ဇူလိုင် ၁

**မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက်က အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ကျင်းပသည်။**

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူနှင့် သင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က သင်တန်းပြီးမြောက် အောင်မြင်အောင် တက်ရောက်ခဲ့ကြသော သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို စာတွေ့ လက်တွေ့ နှစ်မျိုးဖြင့် တစ်လကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

စိုးမိုးကျော်



သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုနေစဉ်။

---

# ပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့၊ ဝါးတွေကို စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ဖို့ ဒီသင်တန်းကို ပထမဆုံးအကြိမ် ပို့ချတာဖြစ်ပါတယ်

အသင်းဥက္ကဋ္ဌ ဦးတိုင်းကျော်

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘမ်ဘူး ဝါးကုန်ထုတ်သမဝါယမအသင်းအနေဖြင့် ဝါးအသက်မွေးဝမ်းကျောင်းပညာသင်တန်းကို နေပြည်တော် ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ ဘမ်ဘူးဝါးထုတ်ကုန်သမဝါမယအသင်းခန်းမ၌ ဇွန် ၃၀ ရက်က ဖွင့်လှစ်ခဲ့ရာ အသင်းတာဝန်ရှိသူများနှင့် သင်တန်းသားများ၏ သင်တန်းနှင့်ပတ်သက်သည့် စကားသံများကို ဖော်ပြလိုက်ပါသည်။**

တွေ့ဆုံမေးမြန်း - ဖြိုးမင်းဟိန်း၊ ဓာတ်ပုံ - ဇော်ဘီ



**ဦးတိုင်းကျော် (ဥက္ကဋ္ဌ)**
**ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်း**

ကျွန်တော်တို့ ဒီသင်တန်းကို ပို့ချဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့၊ ဝါးတွေကို စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် သဘာဝပတ်ဂန်းကျင်ကို ထိန်းသိမ်းနိုင်ဖို့၊ သစ်အစားထိုး ဝါးကုန်ကြမ်းတွေကို အသုံးပြုနိုင်ဖို့ အဓိကရည်ရွယ်ချက်နဲ့ ဒီသင်တန်းကို ပထမအကြိမ် ပို့ချတာဖြစ်ပါတယ်။ မကြာမီကာလမှာ ဝါးကနေ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

အသင်းအနေနဲ့ ရှေ့ဆက်လုပ်ဆောင်သွားမှာတွေ ရှိပါတယ်။ သက်တမ်းရင့်တဲ့ သုံးနှစ်သားဝါးတွေကို ရွေးချယ်ပြီး ကြာရှည်ခံအောင် ဆေးစိမ်တာတွေ လုပ်ပြီးတဲ့အခါ အခြောက်ခံပါတယ်။ အဲဒီအခြောက်ခံပြီးသား ဝါးတွေကို အသင်းအနေနဲ့ ရောင်းချပေးပါတယ်။ ရောင်းချတဲ့အခါ အခု သင်တန်းလာရောက်တက်တဲ့သူတွေ အနေနဲ့ ထုတ်လုပ်သူတွေ ဖြစ်လာပါမယ်။ သင်တန်းသားတွေအနေနဲ့ ဝါးနဲ့ပတ်သက်တဲ့ အဆောက်အအုံတွေ၊ လက်မှုပစ္စည်းတွေ ထုတ်လုပ်ရောင်းချတဲ့အခါ ဒီဆေးစိမ်ပြီးဝါးတွေကို အသင်းကနေ ပြန်လည်ရောင်းချပေးပါတယ်။ သင်တန်းသားတွေအပြင် ကြာရှည်ခံဝါးကို အသုံးပြုသူတွေကိုလည်း ရောင်းချပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အသင်းက လက်ရှိ ဇမ္ဗူသီရိမြို့နယ် သမဝါယမအသင်းလက်အောက်မှာရှိတဲ့အတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ပြီး ကုန်ထုတ်လုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးကျော်ဝင်း (ဒုတိယဥက္ကဋ္ဌ)**
**ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်း**

ကျွန်တော်တို့ ဒီနေ့ ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်းအနေနဲ့ ပထမဆုံး ပို့ချတဲ့သင်တန်းဖြစ်ပါတယ်။ အရင်က မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းအနေနဲ့ ဝါးသင်တန်းတွေ ပေးတာတော့ရှိပါတယ်။ ယခု ဒီသင်တန်းရဲ့ ထူးခြားချက်ကတော့ ကိုယ်သင်ချင်တဲ့ သင်တန်းကို ရွေးချယ်ပြီး သင်ယူပိုင်ခွင့်ရှိပါတယ်။ ဒီဇိုင်းရေးဆွဲနည်း၊ စာရင်းကိုင်နည်း၊ အဆောက်အအုံပိုင်း၊ ပရိဘောဂအပိုင်း၊ လူသုံးကုန်ပစ္စည်းပြုလုပ်နည်း၊ စိုက်ပျိုးရေး ဆေးပြုလုပ်နည်း ဒါတွေကို သင်ယူနိုင်ပါတယ်။ ဒီသင်တန်းသားတွေ လက်တွေ့ပြုလုပ်ထားတဲ့ လက်မှုပစ္စည်းတွေကိုလည်း ဈေးသက်သက်သာသာနဲ့ ပြန်လည်ရောင်းချပြီး သင်တန်းသားတွေအတွက် စရိတ်အနေနဲ့ ပြန်လည်အသုံးပြုပါတယ်။ ဒီသင်တန်းကို တက်ရောက်ဖို့လာတဲ့ သင်တန်းသားတွေဟာ မြိတ်ကလာတာရှိတယ်။ ရောဝတီတိုင်းဒေသကြီးက လာတာရှိတယ်။ စစ်ကိုင်းတိုင်းဒေသကြီးကလာတဲ့ သင်တန်းသားရှိတယ်။ မန္တလေးကလာတဲ့ သင်တန်းသားတွေအပြင် နယ်ခံသင်တန်းသားစုစုပေါင်း ၃၀ ကို ၁၀ ရက်ကြာ သင်ကြားပို့ချပေးနေပါတယ်။ သင်တန်းဖွင့်ပြီး သုံးရက်ခန့်ကြာတဲ့အခါ နည်းနည်းပါးပါး တတ်မြောက်လာပြီဆိုရင် သင်တန်းကနေ တစ်နေ့ နေ့တွက်ခ ကျပ် ၅၀၀၀ ပြန်ပြီးပေးပါတယ်။ သင်တန်းကို အခမဲ့အပြင် နေရာထိုင်ခင်းလည်း ပေးထားပါတယ်။ စားစရိတ်ကိုတော့ သင်တန်းသားတွေအနေနဲ့ မိမိအစီအစဉ်နဲ့ပဲ စားစေပါတယ်။ သင်တန်းသားတွေ အသုံးပြုမယ့် ဝါးတွေကိုလည်း သင်တန်းအနေနဲ့ အခမဲ့ အသုံးပြုခွင့်ပေးထားပါတယ်။

**ကိုကျော်ဆန်းဝင်း (သင်တန်းသား)**
**သာဝတ္ထိမြို့နယ်**

ဘမ်ဘူးဝါးထုတ်ကုန် သမဝါယမအသင်းလီမိတက်က ပို့ချတဲ့ ဝါးအသက်မွေးဝမ်းကျောင်း ပညာသင်တန်းကို လာရောက်တက်ဖြစ်တဲ့ ရည်ရွယ်ချက်က ဒီသင်တန်းမှာ တတ်အောင်သင်မယ်၊ သင်ပြီးတော့ ဈေးကွက်ကိုလည်း သင်တန်းသားတွေ စုစုစည်းစည်းနဲ့ ထုတ်လုပ်ရောင်းချမယ်၊ ဒီသင်တန်းက ရရှိတဲ့ပညာတွေကို ကျွန်တော်တို့ ရပ်ရွာတွေကို ဆင့်ပွားပို့ချမယ်။ ဒီလိုပို့ချပေးမယ်ဆိုရင် အလုပ်လက်မဲ့ ပြဿနာတွေ၊ ဆင်းရဲမှုလျှော့ချရေးတွေမှာ တစ်စိတ်တစ်ဒေသကနေ ဖြည့်ပေးနိုင်ပါမယ်။ ဒီသင်တန်းမှာ စားပွဲ၊ အဆောက်အအုံ၊ လက်မှုပညာနဲ့ ဝါးပေါင်းခံရည်ကရရှိတဲ့ လူသုံးကုန်ပစ္စည်း ပြုလုပ်နည်းတွေ သင်ကြားပေးမယ်လို့ သိရပါတယ်။

**ကိုနိုင်လင်းဦး (သင်တန်းသား)**
**ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်**

ဒီသင်တန်းမှာ အဆောက်အအုံပိုင်း၊ ပရိဘောကအပိုင်း၊ လက်မှုအပိုင်းတွေ ပို့ချပေးပါတယ်။ ကျွန်တော်က ပရိဘောကအပိုင်းကို အဓိကထား တက်ရောက်တာပါ။ အဲဒီအပြင် အဆောက်အအုံအပိုင်းကိုလည်း ဒုတိယဦးစားပေးအနေနဲ့ တက်ရောက် သင်ကြားသွားမှာပါ။ ဒီသင်တန်းဆင်းပြီး နေရပ်ပြန်တဲ့အခါ ဝါးနဲ့ပတ်သက်တဲ့ ပညာတွေ ပြန့်ပွားသွားအောင် ဆင့်ပွားသင်တန်းတွေအပြင် လက်တွေ့လုပ်ငန်းတွေပါ မျှဝေသွားဖို့ရှိပါတယ်။ ဒီသင်တန်းအနေနဲ့ သင်တန်းကြေးပေးစရာမလိုဘဲ သင်တန်းသားအချင်းချင်းစုပြီး ချက်ပြုတ်စားတဲ့ စရိတ်သာကုန်ကျပါတယ်။ သင်တန်းတက်ရောက်ပြီး တစ်ပတ်ခန့်ကြာတဲ့အခါ လုပ်ငန်းကျွမ်းကျင်သွားရင် နေ့တွက်စရိတ် တစ်နေ့ ကျပ် ၅၀၀၀ နှုန်း သင်တန်းက ပြန်လည်ပေးပါတယ်။ ။



ဦးတိုင်းကျော်



ဦးကျော်ဝင်း



ကိုကျော်ဆန်းဝင်း



ကိုနိုင်လင်းဦး

# တရားမဝင် သစ်မျိုးစုံ၊ ဆောက်လုပ်ရေးသုံးပစ္စည်း၊ ကျောက်စိမ်းအရိုင်းတုံး၊ စက်သုံးဆီနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ဝ ဒသမ ၈၉၇၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉၂၁၅၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးမြို့အတွင်း Honda Fit အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဇူလိုင် ၁ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာခွဲသား ၂၂ ဒသမ ၂၁၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၆၆၇၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၂၆၆၇၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုန်ကန်မှုရှိသော်လည်း လိုင်စင်ခွင့်ပြုချက်မရှိကုန်ပစ္စည်းရောက်ရှိသည့်ရက် ၇၁ ရက် ဖြစ်ပေါ်နေကြောင်း စိစစ်တွေ့ရှိရသည့် ကြွေပြားချပ်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၇၁၅၀၂၀) ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၉၀၀၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၃၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီကုန်သွယ်ရေးဇုန်၌ ဌာနဆိုင်ရာ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် သံဆူးကြိုးခွေ (၅၀၀)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း X-TRAIL အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကလေးမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီ ၂၈ ဂါလန်၊ ၃ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၂၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၅၉၂၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖားကန့်မြို့နယ် လယ်ပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လုံးခင်းကျေးရွာဘက်မှ နန့်ယားကျေးရွာဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံး ကီလိုဂရမ် ၁၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၀၀၀)ကို ဖမ်းဆီးရမိပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဖြစ်ပါ၍ ဇွန် ၂၈ ရက်၊ ၂၉ ရက်၊ ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၂၂၀၄၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် ည ၁၀ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာ တံတားတွင် ပါကွေ့ကျေးရွာမှ လွယ်တော်ခမ်းကျေးရွာသို့ အားကျို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၁၂ နာရီတွင် တာချီလိတ်မြို့နယ် စန်းလုကျေးရွာ ရော်ဘာခြံရှိ အားဆော်၏ နေအိမ်ကိုရှာဖွေရာ အားဆော်မှာ တိမ်းရှောင်သွားပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉၆ သိန်း၊ ဘိန်းဖြူ ဝ ဒသမ ၆၈ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ဝ ဒသမ ၉ ကီလိုနှင့် ကတ်တမင်း ဝ ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၂၀၀ ကျော် တန်ဖိုးရှိကြောင်း၊ ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အားကျို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 နှင့် လုပ်ကွက်အမှတ် M-3 တို့တွင် Geotechnical Site Survey(GTI) and Associated Studies ဘူမိဗေဒနည်းပညာဆိုင်ရာ ရေအောက်မြေသားနမူနာ လေ့လာတိုင်းတာခြင်းလုပ်ငန်းများအား Survey Vessel: MV. DP2 KEYFIELD HELMS (Call Sign: 3EJN) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနေ့ရက်တွင် လုပ်ငန်းများမပြီးပြတ်သေးပါဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

Geotechnical Site Survey(GTI) လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| No. | Point | Latitude | Longitude |
|---|---|---|---|
| 1. | M3 ASK-12 | 15° 25' 58.62" N | 95° 30' 00.83" E |
| 2. | ZWP-16(Zawtika-25) | 14° 15' 20.15" N | 95° 33' 27.38" E |
| 3. | ZWP-17(Zawtika-29) | 14° 31' 04.83" N | 96° 00' 39.77" E |
| 4. | ZWP-18(Zawtika-14) | 13° 57' 00.16" N | 95° 46' 05.52" E |
| 5. | ZWP-19(Zawtika-12) | 14° 15' 17.31" N | 95° 56' 35.79" E |
| 6. | Zawtika-38(Jacket Receiver) | 14° 22' 03.20" N | 95° 45' 39.48" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 နှင့် လုပ်ကွက်အမှတ် M-3 တို့တွင် Geotechnical Site Survey (GTI) and Associated Studies ဘူမိဗေဒနည်းပညာဆိုင်ရာ ရေအောက်မြေသားနမူနာ လေ့လာတိုင်းတာခြင်းလုပ်ငန်းများကို Survey Vessel: MV. DP2 KEYFIELD HELMS (Call Sign: 3EJN) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ကို ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယနေ့စတင်မည်ဖြစ်ပြီး မြန်မာအသင်း ဘရူနိုင်းနှင့်စတင်ကစားရမည်

**ရန်ကုန် ဇူလိုင် ၁**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇူလိုင် ၂ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်စု (က) အသင်းများအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့ရာ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းအသင်းတို့မှ နည်းပြများ တက်ရောက်သည်။ မြန်မာ ယူ - ၁၉ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက “ကျွန်တော်တို့အသင်းဟာ ဒီပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန် ကိုးပတ် ရခဲ့ပါတယ်။ အားလုံးသိကြတဲ့အတိုင်း အုပ်စု(က) ဟာ အုပ်စုကျပ်ဖြစ်ပြီး ခြေစွမ်းတောင့်တင်းတဲ့ အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် အကောင်းဆုံး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။ အုပ်စုပထမနေ့အဖြစ် အုပ်စု (က) သုံးပွဲကျင်းပမည်ဖြစ်ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် ဘရူနိုင်း၊ ညနေ ၄ နာရီခွဲတွင် ထိုင်းနှင့် ဖိလစ်ပိုင်၊ ည ၈ နာရီတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ တီမောနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ခြောက်သင်း ပါဝင်သောကြောင့် ယင်းအုပ်စုတွင်ပါဝင်သည့် အသင်းအားလုံး တစ်ရက်ခြားတစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေပြီး အင်အားနည်းနေသည့် ဘရူနိုင်းနှင့် အဖွင့်ပွဲကစားရမည်ဖြစ်သောကြောင့် ယခုပွဲတွင် မဖြစ်မနေ အနိုင်သုံးမှတ်နှင့် ဂိုးများများ သွင်းယူထားနိုင်ရန် လိုအပ်နေသည်။

**ရဲရင့်လွင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၇-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၅** တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ
**၁၃:၃၀** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'ဖောင်ရှာငွေနှင့်ဆင်ပလေးဝါဝါ'**
**၁၆:၄၅** ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
**၁၇:၁၀** အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဝုဏ်ပြုအစီအစဉ်
**၁၇:၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇွန်လ) (ဒုတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၀၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၃၀)ဗြာမဝံလာ (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) **'အတ္တသမ္မာပဏိဓိစ' နှင့် 'ပုဗ္ဗေဒါရသသံဟော'**
**၂၂:၀၀** ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

**07:01** Metta Inngyin Yagon (Sein Lei Lei)
**07:11** Weekly Review
**07:27** Danu Food: Mone Nyin Saw Dish
**07:32** Licuala Palm Leaf
**07:41** Myanmar Designer Studio: Latt Latt
**08:00** Quiz Time
**09:01** News
**09:26** Global Partnership for Brighter Future: North Macedonia Pavilion at Expo 2020 Dubai
**09:34** Nga Laik Dam & Nga Laik Kan Tha Eco Resort
**09:44** Ecotourism: The Famous Zalon Mountain
**10:02** Myanmar Childhood Games (Episode-3)

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဆရာတော်မန်းစံထွန်းရဲ့တစ်နေ့တာလှုပ်ရှားမှု
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တလာခူးရွာသို့အလည်သွားကြရအောင်
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အမဲသားလိပ်နှင့်ငရုတ်ကောင်းဆော့စ်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၀)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝက်သားပဲပြုတ်ဟင်းရည်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
စာနာစိတ်လေးထားစေချင် (ဇာတ်လမ်းတို)
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁၀)
**ဝကေးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တောင်ကျရွာလေးက ငှက်ပျောဖူးသုပ်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဝုဏ်ပြုအစီအစဉ်
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တံစိုးလက်ဆောင်ရယူခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** ကမ္ဘာ့ရာပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဝုဏ်ပြုအစီအစဉ်
**၀၇:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၁၀** မြန်မာ့ပေါ်ဆန်းဆန်ရယ်လို့ ကမ္ဘာ့အလယ်မှာ တင့်တယ်ကာဝင့်ကြွားနိုင်စေဖို့
**၀၈:၀၀** တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့်ဘဝရှင်သန်ခြင်း
**၀၈:၄၅** ဒူးရင်း၊ မင်းကွတ်တွေနဲ့အလားအလာကောင်းတဲ့သံတောင်မြေ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၃) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် စကိုင်းနက်တို့ ပူးပေါင်းကျင်းပသော စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲ ကီလိုတန်းအလိုက် ဆီမီးဖိုင်နယ်ပြိုင်ပွဲကြီးကို ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ ၆၀ ကီလိုတန်းဆီမီးဖိုင်နယ်များတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ဟိန်းထွန်းအောင်(ရွှေသထုံ)သည် ကွာတားပွဲတွင် သန့်ဇင်(တော်ဝင်ရော)ကို စတုတ္ထအချီ၌ အလဲထိုးနိုင်ခဲ့သည်။ ရွှေခါးပတ်ဆုရရှိထားပြီး ပွဲပေါင်း ၃၇ ပွဲတွင် ၁၂ ပွဲနိုင်ထားသူဖြစ်သည်။ ဟိန်းထွန်းအောင်နှင့်ထိုးသတ်မည့် စောအယ်ဖူး (ဒို့ရိုးရာ) သည် စောမူထော်ဂေး (STL) ကို စတုတ္ထအချီတွင် အလဲထိုးနိုင်ခဲ့သည်။ မြိုင်ကြီးငူ ရွှေတံဆိပ်နှင့် ကရင်ပြည်နယ် အောင်လံဆုရရှိထားပြီး ပြိုင်ပွဲပေါင်း ၂၅ ပွဲတွင် ၁၀ ပွဲနိုင်ထားသည်။

ကရင်ပြည်နယ် အောင်လံဆုရှင် စောဘဟိန်း (ဘိလပ်မြေစက်ရုံ) သည် ကွာတားတွင် ချစ်ဝိုင်းဝိုင်းကို အမှတ်ဖြင့် နိုင်ခဲ့ပြီး ပွဲပေါင်း ၄၀ တွင် ၂၅ ပွဲနိုင်ထားသူ ဖြစ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မင်းကျော်ဇ(ဖွဲ့ကပင်မြေ)သည် လင်းထက်အောင်ကို အမှတ်ဖြင့်နိုင်ခဲ့ပြီး ပွဲပေါင်း ၃၅ ပွဲတွင် ၂၂ ပွဲနိုင်ထားသူတစ်ဦးဖြစ်သည်။ ၆၃ ဒသမ ၅ ကီလိုတန်းတွင် နက်ခမင်း (ဖွဲ့ကပင်မြေ)က ကွာတားတွင် ကိုကိုအောင်ကို ဒုတိယအချီ၌ အလဲထိုးနိုင်ခဲ့ပြီး ပြိုင်ပွဲပေါင်း၂၅ ပွဲကစားထားသူဖြစ်ကာ ၎င်းနဲ့ယှဉ်ပြိုင်မည့် ကျားသွေး (ထွန်းထွန်းမင်)က ပြိုင်ပွဲကိုးပွဲသာ ထိုးသတ်ထားသည်။

အဲမှို(နဂါးမင်း) နှင့် သက်ဝင်းအောင် (ရွှေသထုံ) တို့ အသက်တူညီကြသော်လည်း သက်ဝင်းအောင်က ပြိုင်ပွဲအတွေ့အကြုံများသူဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ပြိုင်ပွဲမှာ ပွဲကောင်းဖြစ်လာနိုင်သည်။ ၆၇ ကီလိုတန်း ကွာတားတွင် စောမင်းမင်း (ရွှေသထုံ) သည် အကောင်းဆုံး လက်ဝှေ့သမားဆုရရှိထားကာ ပြိုင်ပွဲပေါင်း ၄၅ ပွဲတွင် ၂၂ ပွဲနိုင်ထားသည်။ ၎င်းနှင့်ထိုးသတ်ယှဉ်ပြိုင်မည့် ကိုနိုင်း (ဇာနည်သွေး)က အောင်လံ ၁၀ ဆုရရှိထားပြီး ယင်းတို့နှစ်ဦး၏ ပြိုင်ပွဲမှာ ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။

မာန်မင်းအောင် (ဘိလပ်မြေစက်ရုံ) က ကွာတားတွင် မင်းထူးထူးကို ဒုတိယအချီ၌ အလဲထိုးနိုင်ခဲ့သလို၊ ကမ္ဘာရှား (AMT2) က စောထွန်းဝင်းအောင်ကို အမှတ်ဖြင့် နိုင်ခဲ့သည်။ အဆိုပါ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲစဉ်များအား နိုင်တက် ရှုံးထွက်စနစ် ကျင့်သုံးမည်ဖြစ်ပြီး အလဲထိုးဖြင့် ပွဲစဉ်မပြတ်ပါက အမှတ်ပေးစနစ်ဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး၏ ပွဲစဉ်များကို "SKYNET Sports-4"၊ "SKYNET Sports-HD ရုပ်သံလိုင်းတို့တွင် တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး လက်မှတ်များကို ငွေကျပ် ၅၀၀၀၊ ငွေကျပ် ၁၀၀၀၀နှင့် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**အာကာစိုး**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁-၇-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၈၅ ကျပ် | ၂၃၃၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၇ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ . ၉၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၇၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၁၀ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၁၄၂ | ၁၀၅၀၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၆၄၀ | ၉၆၄၆၀၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၅ | ၃၆၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၀၀ | ၄၃၅ | ၁၀၉၅၆၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခရီးသွားများအတွက် အပန်းဖြေစရာ ပင်လယ်ပြင်အငွေ့အသက်များဖြင့် လှိုင်းဘုန်းကျေးရွာကြီး

**မော်ကျွန်း-မြင့်အောင်**

ဧရာဝတီတိုင်းဒေသကြီးအောက်ဘက် ပင်လယ်ပြင်နှင့် ထိစပ်နေသော မြို့နယ်များဖြစ်သည့် မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့အနက် မော်လမြိုင်ကျွန်းမြို့နယ်သည် ရေချိုရေငန် ထိစပ်နေသော မြို့နယ်ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့နယ်အောက်ဘက် ပင်လယ်ပြင်နှင့် ထိစပ်နေသောနေရာတွင် လှိုင်းဘုန်းကျေးရွာကြီး ရှိသည်။

လှိုင်းဘုန်းကျေးရွာကြီးသည် ပင်လယ်ပြင်နှင့် ထိစပ်နေ၍ ပင်လယ်ပြင်၏ အလှအပ တစ်စိတ်တစ်ပိုင်းကို တွေ့ရသည်။ မြန်မာနိုင်ငံ၏အောက်ပိုင်း ပင်လယ်အတွင်းသို့ စီးဝင်နေသော မြစ်ကြီးများ၏ အစွန်အဖျားနားတွင်ရှိရာ ပင်လယ်ပြင်၏ အငွေ့အသက်များကို နွေရာသီနှင့် ဆောင်းရာသီများတွင် ခံစားရသည်။ နွေရာသီတွင် ပင်လယ်ပြင်ဘက်မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးများကို ခံစားရသည်။ မိုးရာသီ လှိုင်းလေပြင်းထန်ချိန်များတွင် ရေယာဉ်ကြီးငယ်နှင့် စက်တပ်ရေယာဉ်ငယ်များသည် လှိုင်းဘုန်းချောင်းအတွင်း ဝင်ရောက်ပုန်းခိုကြရသည်။ ထို့ကြောင့် လှိုင်းပုန်းဟုခေါ်ရာမှ ကာလရွေ့လျားလာပြီး လှိုင်းဘုန်းဖြစ်လာခြင်း ဖြစ်သည်။

**ကျေးရွာ ၁၂ ရွာပါဝင်**

လှိုင်းဘုန်းကျေးရွာကြီးသည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပါဝင်သော ကျေးရွာအုပ်စုတစ်ခုဖြစ်သည်။ လှိုင်းဘုန်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ၁၂ ရွာ ပါဝင်သည်။ ယင်းကျေးရွာများမှာ ပင်လယ်ပြင်နှင့် ထိစပ်နေသော ကျေးရွာများဖြစ်ကြသည်။ ပင်လယ်ဒေသ ထွက်ကုန်မျိုးစုံ ငါး၊ ပုစွန် လုပ်ငန်းများကို လှိုင်းဘုန်းကျေးရွာကြီးနှင့် ချိတ်ဆက်၍ အရောင်းအဝယ်ပြုလုပ်ကြသည်။ ထိုသို့ ပင်လယ်ပြင်ကျေးရွာ ၁၂ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပင်လယ်ဒေသထွက်ကုန်မျိုးစုံ ရောင်းဝယ်ရေးကိုပါ လှိုင်းဘုန်းကျေးရွာကြီးက ဗဟိုပြုနေသဖြင့် လှိုင်းဘုန်းကျေးရွာကြီးသည် ပို၍ ဖွံ့ဖြိုးတိုးတက်လာသည်။ နယ်မြေကျယ်ဝန်းလာသည်။ စည်ကားလာသည်။

ယခင်က လှိုင်းဘုန်းကျေးရွာကြီးမှာ လပွတ္တာမြို့နယ်ထဲမှဖြစ်သည်။ နာဂစ်မုန်တိုင်းအလွန်ကာလတွင် လှိုင်းဘုန်းကျေးရွာကြီးကို မော်လမြိုင်ကျွန်းမြို့နယ်ထဲသို့ ထည့်သွင်းခဲ့သည်။ အကြောင်းရှိပါသည်။ အမှန်စင်စစ် လှိုင်းဘုန်းကျေးရွာကြီးအပါအဝင် ကျေးရွာ ၁၂ ရွာ အုပ်စုသည် မော်လမြိုင်ကျွန်းမြို့နယ်နှင့်ထိစပ်နေ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဆက်သွယ်ဆောင်ရွက်သည်။ အဆင်ပြေသည်။



ရေယာဉ်ကြီးငယ်များဖြင့် စည်ကားနေသော လှိုင်းဘုန်းဆိပ်ကမ်းမြင်ကွင်း။

သို့သော် လှိုင်းဘုန်းကျေးရွာအုပ်စုက လပွတ္တာမြို့နယ်ထဲပါနေသဖြင့်ဌာနဆိုင်ရာကိစ္စနှင့် အထွေထွေကိစ္စများတွင် လပွတ္တာသို့ မဖြစ်မနေသွားရသည်။ နာဂစ်နောက်ပိုင်းကျမှသာ မော်လမြိုင်ကျွန်းမြို့နယ်ထဲ ထည့်ပေးလိုက်သဖြင့် ဒေသခံများ အဆင်ပြေလွယ်ကူသွားသည်။

**လှိုင်းဘုန်းကျေးရွာကြီးသို့**

စာရေးသူ လှိုင်းဘုန်းကျေးရွာကြီးသို့ မရောက်သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်သည်။ လှိုင်းဘုန်းကျေးရွာကြီး၏ တိုးတက်မှုအဖုံဖုံမြင်ကွင်းစုံကို ကြည့်လိုသည်။ လှိုင်းဘုန်းကျေးရွာကြီးမှ စာရေးသူ၏ မိတ်ဆွေများကို နှုတ်ဆက်လိုသည်။ စကားပြောလိုသည်။ ဇွန် ၂၄ ရက်က လှိုင်းဘုန်းကျေးရွာကြီး ခရီးစဉ်တွင် စာရေးသူ လိုက်ပါခွင့်ရခဲ့သည်။ မော်လမြိုင်ကျွန်းမြို့မှ ပွဲထောင်ရေယာဉ်စထွက်တော့ နံနက် ၆ နာရီရှိပြီဖြစ်သည်။

တစ်နာရီကျော်ကျော် ခုတ်မောင်းပြီးသောအခါ ငွေဇင်ယော်စံပြကျေးရွာကြီးကို လှမ်းမြင်ရသည်။ အိမ်ခြေ ၄၀၀ ခန့်ဖြင့် စည်ကားသော ကျေးရွာကြီးတစ်ရွာဖြစ်နေသည်။ နာဂစ်မတိုင်မီက စာရေးသူ ငွေဇင်ယော်ကျေးရွာသို့ နှစ်ခေါက်ရောက်ခဲ့ပြီး နာဂစ် နောက်ပိုင်းတွင်လည်း သတင်းဆောင်းပါး ရေးရန် နှစ်ခေါက်ရောက်ခဲ့သည်။ ယခု ငွေဇင်ယော်စံပြကျေးရွာရှေ့မှ ပွဲထောင်ဖြတ်သန်းမောင်းနှင်ရသောအခါ နာဂစ်နောက်ပိုင်း ကွင်းဆင်းခရီးစဉ်များကို ပြန်လည်အမှတ်ရမိသည်။ နာဂစ်တွင် ပြည်သူတို့ အချိန်မီရုန်းထနိုင်ခဲ့သည်။ အားမာန်ဝင့်ထည်ခဲ့သည်။ ပြန်လည်တည်ဆောက်နိုင်ခဲ့ကြသည်။ ပြည်သူ့အားဖြင့် နာဂစ်ကို အနိုင်ယူနိုင်ခဲ့သည်။

**လှိုင်းဘုန်း-ရွာသစ် ချောင်းကူးတံတား**

ငွေဇင်ယော်စံပြကျေးရွာကျော်တော့ လှိုင်းဘုန်းကျေးရွာကြီးက နီးလာသည်။ လှိုင်းဘုန်းချောင်းအတွင်းသို့ ချိုးကွေ့ဝင်လိုက်သောအခါ လှိုင်းဘုန်းကျေးရွာကြီးကို ခပ်ပျပျလှမ်းမြင်နေရသည်။ ပထမဆုံး လှမ်းမြင်ရသည့်မြင်ကွင်းမှာ လှိုင်းဘုန်း-ရွာသစ်ချောင်းကူးတံတားဖြစ်သည်။ ခံ့ထည်လှပသည်။ တံတားအရှည် ပေ ၆၂၀ ရှိသည်။ လှိုင်းဘုန်း-ရွာသစ်တံတားပေါ်မှ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် ဒေသခံပြည်သူများ လွယ်ကူအဆင်ပြေစွာ ဖြတ်သန်းသွားလာနေကြသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က စာရေးသူ လှိုင်းဘုန်းသို့လာစဉ် တံတားမရှိသေးပေ။ နိုင်ငံတော်၏စေတနာဖြင့် တည်ဆောက်ပေးခဲ့သဖြင့် ဒေသခံများ အကျိုးခံစားနေကြရပေသည်။

လှိုင်းဘုန်းကျေးရွာအုပ်စုဟူ၍ နာမည်ကြီးလာခြင်းမှာ ပင်လယ်ပြင်ထိစပ်ကျေးရွာများကြောင့်ဖြစ်သည်။ ယင်းကျေးရွာများမှာ နောက်ပြန်ထိုး၊ ဇီးကွက်ချောင်း၊ ကံစု၊ ရွာသစ်၊ စလူချောင်း၊ လိပ်ချောင်း၊ လမုတစ်ပင်၊ စခန်းသောင်းလေး၊ လှိုင်းဘုန်းလေး၊ ရွှေတံခါး၊ အိမ်တော်ရာစခန်းနှင့် ရွာသစ်ကံစုကျေးရွာတို့ဖြစ်သည်။

**လှိုင်းဘုန်းကျေးရွာကြီးဆိပ်ကမ်း**

လှိုင်းဘုန်းကျေးရွာ တံတားကြီးနှင့်အတူ လှိုင်းဘုန်းကျေးရွာမြင်ကွင်းကလည်း စာရေးသူတို့အဖွဲ့ကို ဆီးကြိုနေသည်။ လူနေတိုက်တာအဆောက်အဦများ၊ အိမ်ကြီးအိမ်ကောင်းများ၊ ဆန်စက်များနှင့်အတူ ပင်လယ်ပြင်အလှအပအစိတ်အပိုင်းများဖြင့် လှိုင်းဘုန်းကျေးရွာကြီး ဆိပ်ကမ်းကို မြင်တွေ့ရသည်။ ၁၀ နှစ်ကျော်အတွင်း လှိုင်းဘုန်းကျေးရွာကြီးက တစ်မူထူးခြား ဖွံ့ဖြိုးတိုးတက်လာသည်။

လှိုင်းဘုန်းဆိပ်ကမ်းတစ်လျှောက် ပင်လယ်ကျေးရွာများမှ ပွဲထောင်ရေယာဉ်ကြီး/ငယ်များ ဆိုက်ကပ်ထားသဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေသည်။ ဆိပ်ကမ်းမှ လှမ်းတက်လိုက်သောအခါ ကမ်းနားဈေးတန်းသို့ရောက်သည်။ ကမ်းနားဈေး လှိုင်းရောလမ်းမကြီးပေါ်တွင် ပင်လယ်ထွက်ကုန် အမယ်စုံ၊ ငါးပုစွန်၊ ဟင်းသီးဟင်းရွက်များကို ဈေးတန်းများဖြင့် ရောင်းဝယ်နေကြသည်။ ပိတောက်ရွှေဝါလမ်း၊ မြကန်သာလမ်းနှင့် သီရိနန္ဒာလမ်းတို့တွင် အလှကုန်၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်းမျိုးစုံနှင့် ဖုန်းအမျိုးမျိုးအရောင်းဆိုင်များလည်းရှိသည်။

**ကျေးရွာအဆင့်ထက် ပိုမိုတိုးတက်**

လှိုင်းဘုန်းကျေးရွာကြီးတွင် လှိုင်းရောလမ်း၊ ပိတောက်ရွှေဝါလမ်း၊ မြကန်သာလမ်း၊ သီရိနန္ဒာလမ်းနှင့် လှိုင်းအနောက်လမ်းမကြီးများ ရှိကြသည်။ လမ်းခွဲ လမ်းတိုလေးများလည်းရှိသည်။ သို့ဖြစ်ရာ လှိုင်းဘုန်းကို ကျေးရွာကြီးဟု အသိအမှတ်ပြုခေါ်ကြသော်လည်း လှိုင်းဘုန်းက ကျေးရွာအဆင့်ထက်မက ပိုမိုတိုးတက်လျက်ရှိပေသည်။ လှိုင်းဘုန်းကျေးရွာကြီးတွင် အိမ်ခြေ ၂၀၀၀ ကျော်ရှိပြီး လူဦးရေ ၉၅၀၀ ကျော် နေထိုင်ကြသည်။ လှိုင်းဘုန်းကျေးရွာကြီး၏ ဒေသဖွံ့ဖြိုးရေးအကြောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ရှင်းပြခဲ့သည်။

လှိုင်းဘုန်းကျေးရွာကြီးသည် နာဂစ်နောက်ပိုင်းတွင် မမျှော်မှန်းနိုင်အောင် ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ကိုယ့်အားကိုယ်ကိုးတည်ဆောက်သော လမ်း၊ တံတားများ၊ နိုင်ငံတော်က ပါဝင်တည်ဆောက်ပေးသော လမ်း၊ တံတားများလည်းရှိသည်။ လှိုင်းဘုန်းကမ်းနားလမ်းမှ စိန်ပန်းကျေးရွာအထိ၊ အိမ်တော်ရာစခန်းမှ လှိုင်းဘုန်းအထိ၊ စိန်ပန်းကျေးရွာမှ လှိုင်းဘုန်းကျေးရွာအထိ လမ်းများအပြင် အခြားလမ်းတံတားများလည်းရှိသည်။

လှိုင်းဘုန်းကျေးရွာကြီး၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုမှာ ဓနိလုပ်ငန်းဖြစ်သည်။ လှိုင်းဘုန်းအနောက်ဓနိကို မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ကျုံမငေး၊ ဝါးခယ်မ၊ ဖျာပုံနှင့် ကျိုက်လတ်မြို့နယ်တို့မှ ဝယ်ယူသုံးစွဲကြသည်။ ဓနိပွဲရုံများကလည်း တစ်နှစ်စာ ကြိုတင်စာချုပ်ချုပ်ဆို ဝယ်ယူထားကြကြောင်း သိရသည်။

**လှိုင်းဘုန်း-ပြင်စလူ လမ်းမကြီး**

လှိုင်းဘုန်းကျေးရွာအုပ်စုတွင် ကျေးရွာချင်းဆက်လမ်းများ၊ အဓိက ဆက်သွယ်ရေးလမ်းမများ ပြီးစီးနေပြီဖြစ်သော်လည်း အဝေးပြေးလမ်းမကြီးတစ်ခုဖြစ်သည့် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပြင်စလူလမ်းမကြီးမှာ ဆိုင်ကယ်၊ ကားများ သွားလာ၍မရသေးပေ။ လှိုင်းဘုန်း-ပြင်စလူလမ်းကို လမ်းချောဖြစ်အောင် ဆောင်ရွက်ပေးစေလိုသောဆန္ဒ ဒေသခံများတွင် ရှိနေကြသည်။

စာရေးသူတို့အဖွဲ့များ ညနေ ၃ နာရီတွင် လှိုင်းဘုန်းမှ မော်လမြိုင်ကျွန်းသို့ ပွဲထောင်ရေယာဉ်ဖြင့် ပြန်လာခဲ့ကြသည်။ လှိုင်းဘုန်းကျေးရွာကြီးသည် ပင်လယ်ပြင်အငွေ့အသက်များကို ခံစားနေရပြီး ပင်လယ်ပြင်၏ အလှအပများနှင့်အတူ ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာကြီးဖြစ်၍ ခရီးသွားပြည်သူများ အနေဖြင့် သွားရောက်လည်ပတ်သင့်သော နေရာတစ်ခုလည်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

✤ **လှိုင်းဘုန်းကျေးရွာကြီးအပါအဝင် ကျေးရွာ ၁၂ ရွာ အုပ်စုသည် မော်လမြိုင်ကျွန်းမြို့နယ်နှင့်ထိစပ်နေ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအစစအရာရာ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဆက်သွယ်ဆောင်ရွက်သည်။ အဆင်ပြေသည်**

✤ **သို့သော် လှိုင်းဘုန်းကျေးရွာအုပ်စုက လပွတ္တာမြို့နယ်ထဲပါနေသဖြင့် ဌာနဆိုင်ရာကိစ္စနှင့် အထွေထွေကိစ္စများတွင် လပွတ္တာသို့ မဖြစ်မနေသွားရသည်။ နာဂစ်နောက်ပိုင်းကျမှသာ မော်လမြိုင်ကျွန်းမြို့နယ်ထဲ ထည့်ပေးလိုက်သဖြင့် ဒေသခံများ အဆင်ပြေလွယ်ကူသွားသည်**

# ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ၁၀ ဖွဲ့ထံ တိုင်းရင်းသားပုံပြပုံပြင် စာအုပ် ၂၀၀၀၀ ကျော် ဖြန့်ဝေပေးအပ်



ဖြန့်ဝေပေးသည့် တိုင်းရင်းသား ပုံပြပုံပြင်စာအုပ်များကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုနေစဉ်။

**မြစ်ကြီးနား ဇူလိုင် ၁**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ကချင်ပြည်နယ်ရုံးမှ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များထံ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်များ ဖြန့်ဝေပေးအပ်ပွဲကို ဇွန် ၃၀ ရက် အဆိုပါ ဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ အနေဖြင့် ယနေ့ပေးအပ်မည့် ပုံပြပုံပြင်စာအုပ်များကို ကလေးများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း၊ သို့မှသာ တိုင်းရင်းသားကလေးများ အနေဖြင့် မိမိဘာသာစာပေကို သင်ကြားခွင့်ရရှိသည့် အပြင် အခြားဘာသာစာပေများကို သင်ယူလေ့လာရာတွင်လည်း နားလည်မှုစွမ်းရည် ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း၊ ထိုအပြင် တိုင်းရင်းသား ဘာသာ စာပေသင်ကြားရေးနှင့်ပတ်သက်၍ ယခင်ကထက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာပြီ ဖြစ်သည့်အတွက် တိုင်းရင်းသားများအနေဖြင့် မိမိတို့ စာပေဖွံ့ဖြိုးတိုးတက်ရေးရရှိလာသည့် အခွင့်အရေးများကို လက်လွတ်မခံဘဲ အတူတကွလက်တွဲ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးဦးကျော်မင်းခိုင်က တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေထားသည့် ပုံပြပုံပြင်စာအုပ်ပေါင်း ၂၃၇၄၆ အုပ်ကို တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အသင်း/ အဖွဲ့များထံ ပေးအပ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းရင်းသား ဘာသာ/ မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေထားသည့် ပုံပြစာအုပ် စုစုပေါင်း ၂၃၇၄၆ အုပ်ကို စာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ဆယ်ဖွဲ့တို့မှ တာဝန်ရှိသူများ ထောက်ပံ့ပေးအပ်ကာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/ အဖွဲ့များကိုယ်စား တိုင်းလိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ပြုံးရည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထောက်ပံ့ပေးသော တိုင်းရင်းသားဘာသာများဖြင့် ပုံပြစာအုပ်များမှာ ဂျိန်းဖော့ဘာသာဖြင့် အုပ် ၄၈၀၀၊ လော်ဝေါ်ဘာသာဖြင့် အုပ် ၃၁၂၀၊ လာချိဒ်ဘာသာဖြင့် အုပ် ၁၄၇၀၊ ဇိုင်ဝါးဘာသာဖြင့် အုပ် ၄၈၀၊ လီဆူဘာသာဖြင့် အုပ် ၂၁၀၀၊ ရဝမ်ဘာသာဖြင့် အုပ် ၃၆၀၀၊ တိုင်းလိုင်ဘာသာဖြင့် အုပ် ၃၈၄၀၊ တိုင်းလေဘာသာဖြင့် ၂၈၀၈ အုပ်၊ တိုင်းခမ်းတီ ဘာသာဖြင့် အုပ် ၁၀၈၀ နှင့် ဗမာဘာသာဖြင့် ၄၄၈ အုပ်ဖြစ်သည်။

ကချင်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာနမှ ပုံနှိပ်ဖြန့်ဝေထားသည့် တိုင်းရင်းသားပုံပြ ပုံပြင်စာအုပ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်က တစ်ကြိမ်၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် တစ်ကြိမ်နှင့် ယခုနှစ်အတွက် တစ်ကြိမ်ဖြန့်ဝေပေးရာ စုစုပေါင်းသုံးကြိမ်တွင် စာအုပ်ပေါင်း ၇၁၂၃၈ အုပ်ကို ပေးအပ်နိုင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်အတွက် ပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာသင် ဆရာ/ ဆရာမ ၇၄ ဦးကိုလည်း ခန့်အပ်ထားပေးပြီး ဖြစ်ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၁၆ လုံး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရ

**ပွင့်ဖြူ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဇွန် ၃၀ ရက်က ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ပွင့်ဖြူမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု၊ ဇီးကျွန်းကျေးရွာနှင့် ကျောင်းစုကျေးရွာတို့တွင် လူနေအိမ် ၁၆ လုံး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ပွင့်ဖြူမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု၊ ဇီးကျွန်းကျေးရွာတွင် လူနေအိမ်ကိုးလုံး၊ ကျောင်းစုကျေးရွာတွင် လူနေအိမ်ခုနစ်လုံး စုစုပေါင်းလူနေအိမ် ၁၆ လုံး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်းသိရကာ ကမ်းပြိုဘေးသင့်အိမ်ထောင်စုဝင်များ ကမ်းပါးပြိုကျမှု အန္တရာယ်ကင်းဝေးစေရန်နှင့် အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းကူညီ ရွှေ့ပြောင်းပေးခဲ့ကြကြောင်း သိရသည်။ မြစ်ကမ်းပါးပြိုကျမှုကြောင့် အခြားလူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအား အောင်နိုင်ရေးအလံပေးအပ်

**မုံရွာ ဇူလိုင် ၁**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်း အသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲကို ဇွန် ၂၉ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများကို စစ်ကိုင်းတိုင်းဒေသကြီးမှ မွေးထုတ်ပေးလျက်ရှိပြီး အားကစားသမားများအနေဖြင့် အောင်မြင်မှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်း၍ ယခုဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ကြိုးစားရန်နှင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားများဖြစ်အောင် ရည်မှန်းချက်ထားပြီး ယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းအဖွဲ့ခေါင်းဆောင် စစ်ကိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုကိုက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ပိုက်ကျော်ခြင်းအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများထံ ဂုဏ်ပြုထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် အောင်နိုင်ရေးအလံကို ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ထိုင်းနိုင်ငံ၌ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာအလုပ်သမားများထွက်ခွာ



**ကော့သောင်း ဇူလိုင် ၁**

အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ မြန်မာအလုပ် သမားအမျိုးသား ၈၄ ဦးသည် ထိုင်းနိုင်ငံ၌ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှ ဇွန် ၂၉ ရက်က ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင်အကျိုးဆောင် (ထိုင်း) လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် Loveing World Services ကုမ္ပဏီလီမိတက်က ထိုင်းနိုင်ငံရှိ Unique Engineering & Construction Public ကုမ္ပဏီလီမိတက်သို့ နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းခရိုင်ရုံးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့် ဘော်လ်တာ တက်လှမ်း

ဗြိတိန်တင်းနစ်မယ် ဘော်လ်တာသည် ဝင်ဘယ်ဒန်တင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် နာမည်ကြီး ချက်တင်းနစ်မယ် ပီလစ်ကိုဗာကို အနိုင်ရရှိကာ ဂရင်းဆလမ်းပြိုင်ပွဲ တတိယအဆင့်သို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်တွင် ဘော်လ်တာသည် ပြိုင်ဘက်ကို ၃-၆၊ ၇-၆ (၇-၄)၊ ၆-၄ ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဘော်လ်တာသည် ပထမပွဲစဉ်တွင် ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲနှင့် တတိယပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး အကောင်းဆုံးလက်စွမ်းဖြင့် ပြိုင်ဘက်ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အရာတော်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၂၀၊ မြို့ဦးကွက်သစ်)၊ ဦးပိုင်အမှတ် (၃၀၊၃၁၊၃၆၊၃၇၊၃၈)၊ ဧရိယာ ၀ဒသမ ၅၅၀ ကေရှိ မြေအား ဦးကိုကိုလတ် အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၈၃၉/ဆ-မြို့သစ်)၊ ဇုန် (၅)၊ မြေကွက်အမှတ် (၁၅၇) သည် ဒေါ်တင်တင်လှ၏ခင်ပွန်းဖြစ်သူ ဦးကျော်ဘုန်းနိုင်အမည်ဖြင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မိတ္ထီလာမြို့မှ နန်းတော်ကုန်းနယ်မြေ ပေါက်ချောင်းဈေးအိမ်ထောင်စုများ မြေနေရာချထားရေးလက်မှတ်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနေရာချထားသည့် အကြောင်းကြားစာနှင့် ငွေသွင်းပြေစာတို့မှာ မီးလောင်ရာတွင် ပါဝင်ပျက်စီးသွားပါသဖြင့် မိတ္တူမှန်ထုတ် ပေးပါရန် ကွယ်လွန်သူ ဦးဘုန်းကျော်၏ဇနီးဖြစ်သူ ဒေါ်တင်တင်လှ ၉/မထလ(နိုင်)၀၆၈၈၉၁မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ တိုက်အမှတ်-၁၁၄၊ (၄)ထပ်တိုက်အဆောက်အအုံရှိ (၄-လွှာ/ဘီ) ခြေရင်းခန်းတိုက်ခန်း၊ အကျယ်အဝန်းအားဖြင့် (၁၂ ၁/၂x၅၀)ပေရှိ ရေမီးစုံတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဂီဒီယမ်ဂျွန်ဆင် ၁၂/ဒပန(နိုင်)၀၅၁၆၀၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီမျိုးလှ (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၃၅၂/၂၀၀၂)**
**အမှတ် (၂၀၂)၊ သိမ်ဖြူလမ်းသွယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၇၇၆၅၇၁၊ ၀၉-၇၉၅၃၅၅၅၀၇**

## ဖခင်အမည်မှန်

တောင်ဒဂုံမြို့၊ အထက(၂) Grade-VII(C)မှ မောင်နေဝင်းသစ်၏ဖခင် ဦးလင်းဘိုဘို၏ အမည်မှန်မှာ ဦးဘိုဘို ၁၂/ဒဂတ(နိုင်)၁၀၈၆၇၀ဖြစ်ပါ ကြောင်း။

**ဦးဘိုဘို**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက ကျွဲခြံ၊ ဒသမတန်း စနစ်သစ်မှ မသဉ္ဇာစိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်နိုင်ဦး ၁၀/ပမန(နိုင်) ၁၆၂၇၁၃ ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (၁၂)၊ Grade-9 (B) မှ မသင်းသဇင်နွယ်၏ ဖခင်အမည်မှန်မှာ ဦးစိန်ကြည် ၃/ပကန(နိုင်)၀၄၄၅၈၀ ဖြစ်ပါကြောင်း။

**ဦးစိန်ကြည်**

## မိဘအမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက ကလွီ၊ Grade-8 မှ မအိအိမျိုး၏ မိဘအမည်မှန်မှာ ဦးကိုကိုဇော်နှင့် ဒေါ်နီနီစိုး ဖြစ်ပါ ကြောင်း။

**ဦးကိုကိုဇော်-ဒေါ်နီနီစိုး**

## မိဘအမည်မှန်

မုံရွာမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း Grade-7မှ မကဗျာချို၏ မိဘအမည်မှန်မှာ ဦးဖြိုးရာဇာ ၅/မရန(နိုင်)၂၁၅၉၂၄ -ဒေါ်လှပေါ် ၅/ဒပယ(နိုင်)၀၇၇၁၃၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအေးသင်း ၅/ပလန(နိုင်)၀၃၈၀၆၀ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၉၀၆၅၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် CC/4276, TOYOTA Probox NCP 50 ,STAION WAGON ယာဉ်လက်ဝယ်ရှိသူ ဦးညီညီစမ်း ၁၂/အစန(နိုင်)၀၄၈၇၁၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ပါကြောင်း

စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ပျဉ်းပင်ကျေးရွာနေ ဦးဗိုလ်ရှင် ၉/အမရ(နိုင်)၀၂၀၆၇၆ ပိုင် စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁-ဂ)၊ ချောင်းဆုံကွင်း၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ ၃ဒသမ၆၇ ကေရှိ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် ပုံစံ (၇) ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။

**ဦးဗိုလ်ရှင်**
**ဖုန်း-၀၉-၄၅၆၇၂၃၂၄**

## အများသိစေရန် ကြေညာခြင်း

ပင်းတယမြို့နယ်၊ ကျုံးကျေးရွာနေ ဦးကျော်ကျော်ဝင်း(ဘ)ဦးအောင်စန်းဝင်း ၁၃/လရန(နိုင်)၁၀၆၉၁၇ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ဝင်းနှင့် ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာတွင် နေထိုင်သူ ဒေါ်မေမြတ်ဦး(ဘ) ဦးကျော်ဆန်း ၁၃/ပတယ(နိုင်)၀၃၅၇၈၂ ကိုင်ဆောင်သူတို့သည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ပြီး ၁၁-၅-၂၀၀၆ ရက်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာ သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ဝင်းနှင့် ဒေါ်မေမြတ်ဦးတို့သည် လင်မယားအဖြစ် ပေါင်းသင်းလာခဲ့သည့် (၁၆) နှစ်ကျော် ကာလအတွင်း ဖြစ်ထွန်းခဲ့သည့် အောင်ပန်းမြို့နယ်၊ ပင်းတယမြို့နယ်တို့တွင် တည်ရှိသည့် မရွှေ့မပြောင်းနိုင်သော လက်ထပ်ပွားပစ္စည်းများ၊ အမွေရ လက်ထပ်ပွား ပစ္စည်းများမှာ မိသားစုဝင်အားလုံးနှင့် သက်ဆိုင်သည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်ဝင်းကို တစ်စုံတစ်ရာ အသိမပေး(သိရှိခြင်းမရှိ)ဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ခွဲဝေခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလဲခြင်း၊ ပြုပြင် မွမ်းမံခြင်းတို့ ပြုလုပ်ခဲ့ပါလျှင် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်ဝင်းက အသိအမှတ်မပြု၊ တရားမဝင်ပါကြောင်း၊ အကယ်၍ ထိုသို့ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ ကာယကံရှင်တို့ဘက်မှသာ တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ပါကြောင်းနှင့် အကယ်၍ မရွှေ့မပြောင်းနိုင်သော လက်ထပ်ပွားပစ္စည်းများကို တစ်နည်းနည်းဖြင့်လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်ခဲ့ပါကလည်း တရားမဝင် အတည်မဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးခိုင်ထူးအောင်(စဉ်-၁၂၄၀၄) | ဒေါ်နန်းလွင်ခမ်း(စဉ်-၁၅၆၂၂) | ဒေါ်ယဉ်နွယ်မိုး (စဉ်-၅၀၇၈၂) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဒေါ်အိအိထက်နိုင်(စဉ်-၅၀၈၅၁) | ဒေါ်ဂျိုးစဖင်း(စဉ်-၅၀၉၀၄) | ဦးအောင်အောင်(စဉ်-၅၁၃၃၂) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် ၂၃၄၊ မဟာသုခလမ်းသွယ်၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၂၈၃၃၄၇၃၂**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၄နှင့် ဆက်နွယ်သည့် ၂၀၂၁ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၄

ဒေါ်မခမ်း — နှင့် — ဦးအောင်စိန်
တရားနိုင် — တရားရှုံး

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ ၆၉လမ်း၊ ၄၀-၄၁ လမ်းနေ ဦးအောင်စိန် (ဘ) ဦးဖိုးနွဲ့(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၄တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မခမ်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သီတာစိုး)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ဆင်ခေါင်းကြီးကျေးရွာ၊ ကွင်းအမှတ် (၆၆၄)၊ ကွင်းအမည်(ဆင်ခေါင်းကြီး)၊ ဦးပိုင်အမှတ်(၅၁)၊ မြေရေိယာ ၃ ဒသမ ၁၅ဧက အထဲမှ ထပ်မံခွဲစိတ်ထားသော (၂၅၀x ၃၅၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြသီ ၉/ မမန(နိုင်)၀၄၅၅၀၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမိချိုစံ ၉/မမန(နိုင်)၀၀၃၄၆၇က နှစ်ဦးသဘောတူမြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူဆောင်ရွက်ရရှိထားပြီးဖြစ်ရာ အထက်ဖော်ပြပါမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာ ပတ်သက်မှုရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ပိုင်ဆိုင်သောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ- — လွှဲအပ်ချက်အရ-
ဒေါ်အေးမိချိုစံ — ဒေါ်စုမွန်အောင် (LL. B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၅၂၀)
ဦးမြတ်ကိုကို (LL.B)
အထက်တန်းရှေ့နေ (စဉ် - ၄၈၂၀၄)
အောင်သုခရပ်၊ ရပ်ကွက်ကြီး(၅)၊
ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၃၁၀၁၃၃၉

## ကန့်ကွက်နိုင်ရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ ဘောဂလမ်းနှင့် စပါယ်လမ်းထောင့်၊မြေကွက်အမှတ်(၁၉၉၁)၊ ပေ၄၀xပေ၆၀ရှိ ဦးကျော်ထူး၊ ဒေါ်ရှင်းအမည်ပေါက် မြေချပါမစ်ဖြင့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မူမူရွှေ ၁၂/မဂတ(နိုင်)၀၀၁၂၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးသန်းထွန်း ၁၂/သကတ(နိုင်)၁၁၀၈၆၀၊ ဒေါ်ဝင်းမြင့် ၁၂/သကတ(နိုင်)၁၁၀၈၁၁ တို့မှ စရန်ငွေပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်တင်ဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၇/က)၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊
အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊
ဖုန်း-၀၉-၄၂၀၃၀၁၇၁၃

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆) ဦးပိုင်အမှတ်(၇၆)၊ (၆၇x၆၈)လမ်းကြား၊ ဇော်ဂျီလမ်းxကုသိုလ်တော်လမ်းကြားရှိ ဦးဆွာမိအမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်)ဦးဆာမိ(ခ)ဆွာမိ(မိခင်) ဒေါ်ကျောက်ဒရီး(ခ)ဒေါ်သန်း(သား)ဦးမနိုဂယ်(လူပျိုကြီးဘ၀)တို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၈၉၄/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သောကျန် သား/သမီးများဖြစ်သည့် ဦးဆယ်ဂဲလ်(ခ)ဦးစေဂယ် ၉/အမရ(နိုင်)၀၃၅၂၈၃၊ ဒေါ်အမာဒေဝီ ၉/အမရ(နိုင်)၁၇၇၃၅၆တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၀၉/၂၀၂၁ ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းသိန်းဦး ၉/မနတ(နိုင်)၀၅၃၃၇၉ က မြေကွက်၏ (၄၀၀၀/-)ငွေသွင်းပြေစာမူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ မြေချထားမိန့်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၄/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၄၁)၊ မြေရေိယာ ၀ ဒသမ ၁၄၇ ဧကရှိ ဂရန်အမှုတွဲအမှတ်(၄၆၈/၂၀၀၅-၂၀၀၆)အရ ဦးကျော်ဦး (MMO-၂၈၁၁၆၃) အမည်ပေါက် ဂရန်မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်စိန်စိန်မြင့် ၁၀/သထန (နိုင်)၀၁၇၁၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အိမ်မြေနှင့် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄) | ဦးကောင်းထက် (စဉ်-၄၆၈၃၄) |
| (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) |
| ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့ | ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်မြို့ |
| ဖုန်း-၀၉-၅၀၉၃၃၃၀ | ဖုန်း-၀၉-၉၈၁၀၄၇၈၆၃ |

## ငြင်းချက်ထုတ်ဆင့်ရန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈

ဒေါ်ငြိမ်း — နှင့် — ဒေါ်ငွေး ပါ-၂
တရားလို — တရားပြိုင်များ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(၈၈-၁၄/၃၁)နေ ဒေါ်ငွေးနှင့် ဒေါ်တင်တင်လှတို့ အချင်းဖြစ် နေအိမ်ဝိုင်းမြေအတွင်း အတူနေပြီး (မိသားစုမတော်စပ်သူ)တို့ သိစေရမည်။

သင့်အပေါ် တရားလိုက အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်) နံနက် ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(နိုင်လင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၂

ဦးဝင်းဆွေ — နှင့် — ဒေါ်သိန်းသိန်းသွယ် ပါ ၇
လျှောက်ထားသူ — လျှောက်ထားခံရသူများ
တရားလို — တရားပြိုင်များ

လျှောက်ထားခံရသူ ၇။ ဦးဆန်းထူး အကွက်(နန-၂၈)၊ (ဇ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးဝင်းဆွေက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၀၀/၂၀၂၀တွင် ၇-၂-၂၀၂၂ရက်စွဲပါ စီရင်ချက်နှင့် စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ခုနှစ် ဇူလိုင် ၂၉ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်နွယ်စိုး)
လက်ထောက်ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၈x၆၉လမ်းနှင့် ပျူစောထီးလမ်းမြောက်ဘက်ရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်သိန်း ၁၃/နစန(နိုင်)၀၃၆၉၉၈ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၆၄/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဂျိန်းချိန်လင်(ခ)မမြငွေ (၁၃/လလန (နိုင်)၀၄၄၁၈၁ က တောဂရန်မူရင်းနှင့် ငွေသွင်း ပြေစာမူရင်းများမှာ မြေကွက်အမည်ပေါက်သူ ဦးမြင့်သိန်း၏လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း တင်ပြစာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်လျှောက်ထားရန် ဂရန်သက်တမ်းတိုး၊ တောမှ မြို့ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၃

ဦးဝင်းဆွေ — နှင့် — ဒေါ်သိန်းသိန်းသွယ် ပါ ၇
လျှောက်ထားသူ — လျှောက်ထားခံရသူများ
တရားလို — တရားပြိုင်များ

လျှောက်ထားခံရသူ ၇။ ဦးကျော် အကွက်(နန-၂၈)၊ (ဂ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးဝင်းဆွေက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၀၁/၂၀၂၀ တွင် ၇-၂-၂၀၂၂ရက်စွဲပါ စီရင်ချက်နှင့် စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်းအမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ခုနှစ် ဇူလိုင် ၂၉ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်နွယ်စိုး)
လက်ထောက်ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၂၂)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်းနှင့် မန်းရေနံမြေဒေသရှိ တာယာပစ္စည်းအဟောင်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း**

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | ရက် | အချိန် | ရက် | အချိန် |
| ၁။ | တာယာအဟောင်း | ၂၄၇၉လုံး | ၁၅-၇-၂၀၂၂ | ၁၂:၀၀ | ၁၅-၇-၂၀၂၂ | ၁၃:၀၀ |

(ခ) **မန်းရေနံမြေဒေသ**

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | ရက် | အချိန် | ရက် | အချိန် |
| ၁။ | တာယာအဟောင်း | ၄၇၃၉လုံး | ၁၅-၇-၂၀၂၂ | ၁၂:၀၀ | ၁၅-၇-၂၀၂၂ | ၁၃:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ၁-၇-၂၀၂၂ရက်မှ ၁၄-၇-၂၀၂၂ ရက်အထိ တစ်စုံလျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်းတိတိ)ဖြင့် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပစ္စည်းစီမံဌာန၊ ဖုန်း-၀၆၇၃-၄၁၁၃၄၄၊ ၀၆၇၃-၄၁၁၀၉၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ သမီးကလေးကျေးရွာနေ ဦးတင်မြင့် ၇/ပမန(နိုင်)၃၈၀၆၅၄ ထံမှ ကျွန်တော် ဇော်မျိုးထွန်း ၁၂/ဗဟန(နိုင်)၀၇၆၉၀၀ မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဝွေးတောက်အိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၃၇)၊ ထောက်ကြန့်ကုန်းကွင်းရှိ မြေဧက(၂)ဧကအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မျိုးထွန်း ၁၂/ဗဟန(နိုင်)၀၇၆၉၀၀
ဖုန်း-၀၉-၄၅၄၄၄၂၀၅၀

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(န-၁)၊ ဦးပိုင်အမှတ်(၇၀)၊ (၄၀x၄၁)လမ်းကြား၊ ၆၅ လမ်းx၆၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူများဖြစ်သော ဒေါက်တာသန့်ဇော်နိုင် ၁၃/နခန(နိုင်)၀၂၀၀၀၂၊ ဒေါ်မိုးနီလာနိုင် ၉/မရမ(နိုင်)၀၀၀၀၈၇၊ ဒေါ်မိုးမူယာနိုင်၁၃/နခန(နိုင်)၀၀၁၁၂၃၊ ဒေါ်မိုးစန္ဒာနိုင် ၉/မရမ (နိုင်)၀၀၀၀၈၆ တို့က သက်တမ်းတိုးလျှောက်ထားခဲ့ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံမှုကူးယူထုတ်ပေးခြင်းဖြစ်ပါသည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည်ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့် ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၇)၊ ဦးပိုင်အမှတ်(၈၇)၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဦးအေးကြူ အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်)ဦးထွန်းစိန်၊ (မိခင်) ဒေါ်သောင်းတို့မှ သားသမီး(၆)ဦး မွေးဖွားခဲ့ပါသည်။ (မိခင်) (ဖခင်)နှင့် (သား)ဦးစိုးမြင့်၊ ဦးစိုးတင့် (အရင်စောစွာကွယ်လွန်) (သမီး) ဒေါ်တင်တင်၊ ဒေါ်သင်သင်၊ ဦးအေးကြူ (လူပျိုကြီးဘ၀)တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သော အစ်မအရင်းဖြစ်သူ ဒေါ်ရင်ရင် ၉/မရမ(နိုင်) ၀၅၉၂၂၂က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ ရေချမ်းအိုး(မြောက်) အလက(ခွဲ)၊ အဌမတန်းမှ မမျိုးပပအောင်၏ မိဘအမည်မှန်မှာအိမ်ထောင်စု လူဦးရေစာရင်းအရ ဦးခင်မောင်ချို ၈/ခမန(နိုင်)၀၈၇၀၀၀ နှင့် ဒေါ်ဟီမာဒေဝီ ၉/မကန(နိုင်)၁၀၆၀၉၉ တို့ဖြစ်ပါသည်။ **ဦးခင်မောင်ချို-ဒေါ်ဟီမာဒေဝီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9758 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ် ၆ / ဈေးမြောက်ရပ်၊ ဦးပိုင်အမှတ် (၉၁)၊ မြေရေိယာ ၀ ဒသမ၀၄၃ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးစိုးနိုင်ပါ (၄) ဦး ၉ /မမန (နိုင်) ၀၁၄၉၈၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်RA-VI/ကွက်ပြင်၊ ဦးပိုင်အမှတ် (၆-က/၁၃၉ )၊ မြေရေိယာ ၀ ဒသမ ၁၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမင်းမင်းလတ် ၁၄/ပသရ(နိုင်)၀၈၄၈၂၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ရွှေမဉ္ဇူလမ်းနေ ဦးမြင့်လွင် ၁၀/ကမရ(နိုင်)၀၀၀၁၂၁- ဒေါ်သန်းသန်းငွေး ၁၀/မလမ(နိုင်)၀၆၈၉၁၆ တို့၏သား မောင်ထက်အာကာကျော် ၁၀/မလမ(နိုင်)၂၄၁၅၀၃သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်လွင်-ဒေါ်သန်းသန်းငွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/8675, Chin Dwin Star LT CDS-LT-01, Pickup(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၉/မနမ(နိုင်)၀၄၀၆၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/6283, Toyota Corolla NZE 120, SALOON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေးငွေးဝင်း ၉/မမန(နိုင်)၀၃၄၀၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 82W/51028 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာမြင့် ၅/ကလထ(နိုင်)၁၈၇၀၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၄၀၄၉၂, Suzuki Sky Drive 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီ ၉/အမရ(နိုင်)၁၄၅၈၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/4399, Honda Acty HA7, Pickup(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၁၂/သကတ(နိုင်)၀၇၈၆၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဦးမြရင်(တပ်ကြပ်ကြီး)
### ကာကွယ်ရေးဝန်ကြီးဌာန(ငြိမ်း)
### အသက် (၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ အမှတ် (၆၀၆/က) နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ ဦးပြည့်စုံဖြိုး၊ ဦးလွင်မိုးအောင်တို့၏ဖခင်၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မလကျွန်းကျေးရွာနေ ဦးမောင်လှရင်၊ ဒေါ်မြရင်တို့၏အစ်ကိုသည် ၁-၇-၂၀၂၂ရက် နံနက် ၄:၁၅ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၂၂ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မမျိုးသန္တာနွယ်
### အငယ်တန်းအင်ဂျင်နီယာ (၂)
### အသက် (၂၈)နှစ်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ ရွာကြီးလမ်း၊ ရက (၁၁)နေ ဦးအောင်စံသာ-ဒေါ်ခင်သန်းနုတို့၏သမီးကြီး၊ မောင်ဖြိုးအောင်ကျော်-မအိန္ဒြာသန်းတို့၏အစ်မဖြစ်သူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန/သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန e-Government ဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂)၊ ဒေါ်မျိုးသန္တာနွယ်၊ အသက်(၂၈)နှစ်သည် ၃၀-၆-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၅:၁၅ နာရီတွင်ရုတ်တရက် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### တာချီလိတ်ခရိုင်တရားမရုံး၌
### ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၄

ဦးနေလင်းအောင် နှင့် ၁။ ဒေါ်မီဂျူး
၂။ ဒေါ်နန်းယဉ်ယဉ်သန်း

လျှောက်ထားသူ — လျှောက်ထားခံရသူများ

အမှတ်-၇/ခ-၆၂(ခ)၊ ဝမ်မိုင်လမ်း၊ အလိုတော်ပြည့်ကျောင်းအနောက်၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ တာချီလိတ်မြို့နေ ဒေါ်နန်းယဉ်ယဉ်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေ ရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးနေလင်းအောင်က ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၂ ခုနှစ် ဇူလိုင် ၈ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင် ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘုန်းမော်)
ဒုတိယခရိုင်တရားသူကြီး
တာချီလိတ်ခရိုင်တရားရုံး

## အမည်မှန်

ဦးဝင်းမောင်ချေ၏သမီး ပေါက်တောမြို့နယ်၊ ကြိမ်ချွေမော် (အထက-ခွဲ) Grade-10 မှ မဦးသန်းရီ၏အမည်မှန်မှာ မသဇင်မိုး ၁၁/ပတန(နိုင်)၁၅၂၀၇၆ ဖြစ်ပါကြောင်း။

မသဇင်မိုး

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ ပုတ်သိုကျေးရွာအုပ်စု နောင်ပင်ကျေးရွာနေ ဦးစိုးသန်း ၅/ဟမလ(နိုင်)၀၉၅၆၉၇၏သမီး မဇင်မာခိုင် ၅/ဟမလ(နိုင်)၁၁၉၃၃၄၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၇-၁၉၉၈ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အုံးအုံးသိန်း ၁၄/မအပ(နိုင်)၀၀၇၅၆၂သည် ဒေါ်စောဥမ္မာမင်း ၁၂/ဗဟန(နိုင်)၀၃၄၅၉၇ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ အောင်ချမ်းသာ (၁)လမ်း၊ အမှတ် (၃၉)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မော်မော်ခင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၆)
တိုက် (၁၂၇)၊ အခန်း (၆)၊ ရန်နိုင်လမ်းသွယ် (၅)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၉)၊ မြေဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးညွန့်ဝင်း(ဘ)ဦးဝိုင်းမောင် ၉/လဝန(နိုင်)၀၁၅၆၁၄ အမည်ပေါက်မြေကွက်အား ဦးညွန့်ဝင်းထံမှ လယ်ဝေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၁၈/၂၀၁၂)၊ (၄-၆-၂၀၁၂)ရရှိထားသူ ဦးနီပို (ဘ)ဦးသန်းမောင် ၉/ဇဗသ(နိုင်)၀၁၀၃၅၄မှ မြေပေးစလစ်(မူရင်း) တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးနီပို(ဘ) ဦးသန်းမောင် ၉/ဇဗသ(နိုင်)၀၁၀၃၅၄ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဒေါ်မြအေး
### သူရဲသမိန်
### အသက် (၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်စံပြကျေးရွာနေ (ဦးဘသောင်း-ဒေါ်ရွှေခင်)တို့၏သမီး၊ (ဒေါ်သိန်းမေ)၊ (ဒေါ်မြတင်)၊ (ဦးကုလားပု)၊ (ဦးညီ)၊ (ဦးနီ)တို့၏ညီမ၊ (ဦးခင်လှိုင်)၊ (ဒေါ်နွဲ့နွဲ့)တို့၏အစ်မဖြစ်သူသည် ၁-၇-၂၀၂၂ရက် ညနေ ၄:၃၀ နာရီ တွင် အမှတ် ၃၄၊ လမ်း ၉၀၊ ကန်နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ ဒါယိကာမကြီး
### ဒေါ်ကြည်လှိုင်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ယသဝတီ ၁၆လမ်း၊ အမှတ် ၁၀၆၇နေ (ဦးသိန်းမောင်-ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဦးကျော် မင်း)(နိုင်ငံ့ဂုဏ်ရည်၊ လွှတ်လပ်ရေးမော်ကွန်းဝင်၊ဒုတိယဆင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်နီနီဦး၊ဒေါ်နီနီထူး(ခ)ဆရာလေး ဒေါ်ဝဏ္ဏ၊ဦးတင်ရှိန်-ဒေါ်နီနီဝင်း၊ဦးအောင်ကျော်မင်း-ဒေါ်မိုးစန္ဒာတို့၏ မိခင်၊ မြေး ၁၀ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၆-၂၀၂၂ရက် (ကြာသပတေးနေ့)ည ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၂ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၆-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ကော့သောင်းခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၈

ဒေါ်မြမြစိမ်း နှင့် ၁။ ဒေါ်ငွေးငွေးဝင်း
၂။ ဦးကျော်ဇောမြင့်(ခ)ကိုစိုးစိုး
၃။ ဦးနေမင်းထွန်း

တရားလို — တရားပြိုင်များ

အထက်ပါ အမှုအမှတ်(၃) တရားပြိုင် ဦးနေမင်းထွန်း၊ အမှတ် ၈၈၊ ကမ်းနားလမ်း၊ အဏ္ဏဝါ ရပ်ကွက်၊ ကော့ သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြမြစိမ်းက တရားလို လက်ရှိထားသော နေအိမ်နှင့် မြေဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားလို လက်ရှိထားသော နေအိမ်နှင့် မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇွန် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မေသက်ဦး
ခရိုင်တရားသူကြီး
ကော့သောင်းခရိုင်တရားရုံး

## ပျောက်ဆုံးကြောင်း

ကျွန်မ မငွေးမြင့် ၁၁/ကတန(နိုင်) ၁၇၃၂၂၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၂၀၂၅၀၄

## အမည်မှန်

ဦးအောင် ချမ်းသာ၏သား မြောက် ဦးမြို့၊ အထက(၂)၊ Grade-10မှ မောင်အောင်စောသန်း၏ အမည်မှန်မှာ မောင်အောင်စောသန့်ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်အေးနိုင် ၁၁/ရသတ(နိုင်)၀၈၃၄၄၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၃၄၆၁၅၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်တောမြို့၊ မြို့မအနောက်ရပ်ကွက်နေ ၁၁/မတန(နိုင်)၀၁၉၈၉၅ ကိုင်ဆောင်သူ ဦးကျော်ကျော်လတ်နှင့် ဦးကျော်ကျော်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်ကျော်လတ်

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာ စာကြည့်တိုက်ဘေး၌ရှိသော ပေ(၈၀x၆၀)ရှိ အိမ်ဝိုင်းမြေကွက်အား ဦးညီညီခိုင် ၈/မဘန(နိုင်)၀၆၀၇၄၂ မှ ရောင်းချလိုပါသဖြင့် ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးညီညီခိုင် ၈/ မဘန(နိုင်)၀၆၀၇၄၂

## ရဟန်းဒါယကာကြီး
### ဗိုလ်မှူး သက်မွန်(ငြိမ်း)
### အငြိမ်းစား တရားသူကြီး(ဥက္ကဋ္ဌ)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန် အိမ်ရာနေ (ဦးလှ-ဒေါ်ဖွားတင်)တို့၏သား၊ (ဒေါ်တင်တင်ရီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇာနည်မွန်- ဒေါ်ယဉ်မင်းညွန့်၊ ဒေါ်မီမီသက်မွန်၊ ဒေါ်အိအိသက်မွန်-ဦးရွှေမင်း၊ ဦးသာကီမွန် တို့၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးဖြစ်သူ ဗိုလ်မှူးသက်မွန်(ငြိမ်း)သည် ၁-၇-၂၀၂၂ ရက် (သောကြာနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၇-၇-၂၀၂၂ရက်တွင် ရွှေဂုံရိပ်မွန် အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၁၁)လပြည့် လွမ်းဆွတ်သတိရခြင်း

ဦးကောင်းထွဋ် (Country Director of Master Card Company) အမှတ်(၃၃၁)၊ အခန်း (၄/ခ)၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ အလုံမြို့နယ်သည် မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂-၇-၂၀၂၂ရက်တွင် (၁၁)လ ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ ပြုသမျှ ကုသိုလ်ကောင်းမှု အစုစုကို မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု
မိခင်-ဒေါ်စန္ဒာခင် (USA)
အစ်ကို-ဦးထက်လင်း (Japan)

## ဘုရား၊ ရဟန်းသိမ်၊ ကျောင်း အလှူဒါယကာ
### ဦးအောင်မျိုး(ခ)ဦးခင်သောင်း(မြန်မာ့စီးပွားရေးဘဏ်)(ငြိမ်း)
### အသက်(၈၇)နှစ်

ပဲခူးမြို့နေ ဦးကျော်ဝင်းအောင်-ဒေါ်ခင်ဝင်းကြည်၊ အိမ်မဲမြို့နေ ဦးလှထွန်းအောင်-ဒေါ်နန်းအောင်မေသန်း၊ ဇီးကုန်းမြို့၊ အေးမြသာယာ မြို့သစ်(၃)လမ်းနေ ဒေါ်အေးအေးအောင်၊ ဒေါ်နိုင်ဝတီအောင်(မြန်မာ့စီးပွားရေးဘဏ်)၊ ကြို့ပင်ကောက်မြို့၊တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၁-၇-၂၀၂၂ရက် (သောကြာနေ့)နံနက် ၉:၂၅နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် မြောင်းကြီးတော သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၇-၇-၂၀၂၂ရက် နံနက် ၆နာရီမှ ၉နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ ထန်းတပင်ရပ်၊ မြေကွက် အမှတ် (E-006)၊ မြေဧရိယာ ၀ဒသမ၁၃၇ ဧကရှိ ဗိုလ်ကြီး ဝင်းကိုကို အမည်ပေါက်ပါမစ်(မြေကွက်)ကို ဗိုလ်ကြီးဝင်းကိုကိုထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် ၁၁၃၀/၂၀၁၆၊ ၁၅-၉-၂၀၁၆ ရရှိထားသူ ဒေါ်နီလာသန့်(ဘ)ဦးစောဘောနီ ၆/ထဝန(နိုင်)၀၀၁၁၅၅ မှ မြေပေးမိန့်(ပါမစ်)မူရင်းတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၄၆ဧက ရှိ ဦးအောင်မင်း ၇/ပမန(နိုင်) ၀၀၅၆၂၃ (ဘ) ဦးလှဖေအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၇၄၁) ကို စစ်ကိုင်းမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၀၁၂/၂၀၂၁(၂၆-၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးကိုကိုဝင်း ၁၃/ကခန(နိုင်)၀၅၀၁၁၉ (ဘ)ဦးကျော်မြင့်မှ ဦးအောင်ခင် ၁၂/ အစန(နိုင်)၀၀၄၁၅၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက် ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/5347 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တိုင်းရုံး(ထားဝယ်)

## ဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/9481 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တိုင်းရုံး(ထားဝယ်)

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်း(C) မှ မောင်အောင်ဆန်းကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြတ်စိန် ၆/မမန(နိုင်)၂၄၇၀၂၅ ဖြစ်ပါကြောင်း။

ဦးမြတ်စိန်

## အမည်မှန်

ဦးမြတ်စိန်၏သား မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်း(C)မှ မောင်မင်းအောင်ဆန်းကျော်၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်အောင်ဆန်းကျော် ဖြစ်ပါကြောင်း။ မောင်အောင်ဆန်းကျော်

## သွေးသည် အသက်

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅) နှစ် မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ○

## (၁၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံကာလအတွင်း ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ်မှတ်ချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်

၁။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်မှ ဇွန်လ ၁၁ ရက်အထိ ကျင်းပခဲ့သည့် အကြိမ် (၁၁၀) မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကာလအတွင်း မြန်မာနိုင်ငံ၏ ပါဝင်တက်ရောက်မှုမရှိဘဲ အိုင်အယ်လ်အိုအုပ်ချုပ်မှုအဖွဲ့နှင့်စံနှုန်းများ လိုက်နာဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီတို့မှ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ်မှတ်ချက်များ အသီးသီး ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

၂။ အဆိုပါ ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ်မှတ်ချက်များသည် အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ်၏ "မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများ" ခေါင်းစဉ်ပါ အစီရင်ခံစာနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ◆

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ - *စာမျက်နှာ ၇ ကော်လံ ၁* ❖